ACC Myanmar

သတင်းလွှာရယူရန်
https://www.accm.gov.mm/acc/index.php?route=product/category&path=64

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## Anti - Corruption Newsletter

*Vol: 4, May 2026*




တရုတ်ကာကွယ်ရေး ဝန်ကြီးဟောင်း နှစ်ဦးကို ဆိုင်းငံ့ သေဒဏ်ချမှတ်
စာ - ၃၉

ဒီမိုကရေစီ နိုင်ငံများရှိ အဂတိလိုက်စားမှုများကို တိုက်ဖျက်ခြင်း (စာ - ၂၇)










## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | တောင်အာဖရိက ရဲချုပ်သည် အဂတိလိုက်စားမှု စွပ်စွဲချက်များကြောင့် ရာထူးမှ ယာယီဆိုင်းငံ့ခံရ | ၁ | ၂ |
| ၂ | ပောတီနိုင်ငံအတွင်းရှိ ရာဇဝတ်ဂိုဏ်းများ၏ အကြမ်းဖက်မှုများ | ၃ | ၇ |
| ၃ | အစ္စရေးနိုင်ငံ သမ္မတသည် ဝန်ကြီးချုပ်အပေါ် စွဲဆိုထားသည့် အဂတိလိုက်စားမှုဆိုင်ရာ အမှုကိစ္စအား ပြေလည်အောင်ဖြေရှင်းနိုင်ရေးအတွက် ဝန်ကြီးချုပ် နေတန်ယာဟုနှင့် အစိုးရရှေ့နေတို့အား ဖိတ်ကြား၍ တွေ့ဆုံဆွေးနွေး | ၈ | ၁၀ |
| ၄ | အဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေးကဏ္ဍရှိ ဒုစရိုက်ဂိုဏ်းနှင့် ဆက်နွှယ်သော အဂတိလိုက်စားမှုများကို ICAC နှင့် ရဲတပ်ဖွဲ့တို့ ဟန်ချက်ညီညီ ဖော်ထုတ်ဖြိုခွင်း | ၁၁ | ၁၃ |
| ၅ | မလေးရှားနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က 1 Malaysia Development Berhad (1 MDB) ရန်ပုံငွေများအနက်မှ နောက်ထပ် အမေရိကန်ဒေါ်လာ ၂ ဘီလီယံကို ထပ်မံခြေရာခံနေ | ၁၄ | ၁၅ |
| ၆ | စပိန်ဝန်ကြီးချုပ်ပက်ဒရိုဆန်ချက်ဇ်သည် ယင်းကိုယ်တိုင်က အီရန်စစ်ပွဲနှင့်စပ်လျဉ်း၍ ဒေါ်နယ်ထရမ့်ကို ဆန့်ကျင်သည့် သူရဲကောင်းအဖြစ် သတ်မှတ်ထားသော်လည်း ပြည်တွင်း၌မူ ဆိုးရွားသည့် အဂတိလိုက်စားမှုပြဿနာများနှင့် ရင်ဆိုင်နေရ | ၁၆ | ၁၇ |
| ၇ | ကာဇက်စတန်နိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အားကောင်းအောင်ဆောင်ရွက်ခြင်း | ၁၈ | ၂၀ |
| ၈ | မလေးရှားဘုရင်က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် အကြီးအကဲအသစ်ကို ရွေးချယ်မည်ဟု ပြောကြား | ၂၁ | ၂၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၉ | ဗီယက်နမ်နိုင်ငံ အလုပ်သမား၊ အကျိုးခံစားခွင့်နှင့် လူမှုရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဟောင်း အပါအဝင် လူပေါင်း ၂၈ ဦး အား လာဘ်ပေးလာဘ်ယူမှုဖြင့် တရားစွဲဆို | ၂၄ | ၂၆ |
| ၁၀ | ဒီမိုကရေစီနိုင်ငံများရှိ အဂတိလိုက်စားမှုကို တိုက်ဖျက်ခြင်း | ၂၇ | ၃၂ |
| ၁၁ | ဖိလစ်ပိုင်နိုင်ငံကို တုန်လှုပ်စေခဲ့သည့် အဂတိလိုက်စားမှု အရှုပ်တော်ပုံမှ အဓိကသံသယရှိသူ ပရော့ဂ်မြို့တွင် ဖမ်းဆီးရမိ | ၃၃ | ၃၅ |
| ၁၂ | Sarkozy ၏ မတရား ရွေးကောက်ပွဲရန်ပုံငွေ အသုံးပြုမှု အမှုတွင် ပြစ်ဒဏ်အတည်ပြုခံရ | ၃၆ | ၃၈ |
| ၁၃ | တရုတ်ကာကွယ်ရေးဝန်ကြီးဟောင်း နှစ်ဦးကို အဂတိမှုဖြင့် ဆိုင်းငံ့သေဒဏ်ချမှတ် | ၃၉ | ၄၁ |
| ၁၄ | နီပေါနိုင်ငံ အုပ်ချုပ်ရေးနှင့် အဂတိတိုက်ဖျက်ရေးအတွက် IMF ၏ ကွင်းဆင်းစစ်ဆေးမှု ပြီးဆုံး | ၄၂ | ၄၄ |
| ၁၅ | ကနေဒါခရစ်ကက်အသင်းတွင် အဂတိလိုက်စားမှုများ ရှိနေကြောင်း မှတ်တမ်းတင်ဗီဒီယိုတစ်ခုတွင် စွပ်စွဲခံရ | ၄၅ | ၄၇ |
| ၁၆ | တရုတ် Eastern Airlines ဥက္ကဋ္ဌဟောင်းအား လာဘ်ပေး လာဘ်ယူမှု စွဲချက်များဖြင့် တရားစွဲဆို | ၄၈ | ၅၀ |
| ၁၇ | EU ၏ ယခင် ထိပ်တန်း ဒီပလိုမတ် Mogherini ကို ငွေကြေးလိမ်လည်မှုနဲ့ စွပ်စွဲ | ၅၁ | ၅၂ |
| ၁၈ | တရုတ်အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့က ကြက်တောင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ကျန်းကျွင်း (Zhang Jun) ကို စုံစမ်းစစ်ဆေးနေ | ၅၃ | ၅၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁၉ | တရုတ်နိုင်ငံတွင် ပြည်နယ်နှင့်ဝန်ကြီးအဆင့် တာဝန်ရှိသူ ၅၆ ဦးကို အဂတိလိုက်စားမှုဖြင့် ၂၀၂၆ ခုနှစ် ပထမ သုံးလပတ်တွင် အရေးယူဆောင်ရွက် | ၅၆ | ၅၆ |
| ၂၀ | သြစတြေးလျတွင် “Robodebt” စီမံကိန်းနှင့်ပတ်သက်သော အာဏာအလွဲသုံးစားမှု ဝေဖန်မှုများ တိုးလာ | ၅၇ | ၅၈ |

ကော်မရှင်၏ အနာဂတ်မျှော်မှန်းချက်
“နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့သော အဂတိလိုက်စားမှုများကို
အများပြည်သူတို့နှင့်အတူ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့်
အများပြည်သူတို့၏ ဘဝများ သာယာဝပြောလာစေရန်”

**သတင်းလွှာရယူရန်**

[https://www.accm.gov.mm/acc/index.php?route=product/category&path=64](https://www.accm.gov.mm/acc/index.php?route=product/category&path=64)

ကော်မရှင်၏ လုပ်ငန်းတာဝန်
“အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို
အမျိုးသားရေး တာဝန်အဖြစ်ခံယူလျက်
အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊
စုံစမ်းစစ်ဆေးခြင်းနှင့် အများပြည်သူ အသိပညာပေးခြင်း
လုပ်ငန်းတို့ကို ဆောင်ရွက်ရန်”



## ၁၀.၄.၂၀၂၆ ရက်နေ့ နိုင်ငံတော်သမ္မတ မိန့်ခွန်း မှ

"အဂတိလိုက်စားမှုဟာ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေပြီး
လူတစ်ဦးချင်းစီရဲ့ အကျင့်စာရိတ္တနဲ့စိတ်ဓာတ်ကိုလည်း
ပျက်စီးစေတာဖြစ်ပါတယ်။
သူများ မိုးခါးရေသောက်လို့ သောက်ရပါတယ်ဆိုရာကနေ
တစ်စတစ်စအမြစ်တွယ်လာပြီး အကျင့်ပျက်ခြစားမှုတွေ
များလာတာမျိုးမဖြစ်အောင် ထိန်းသိမ်းလုပ်ဆောင်ကြဖို့
လိုအပ်ပါတယ်။ အဓိက ကတော့ ကျွန်တော်တို့အစိုးရအဖွဲ့နဲ့
နိုင်ငံ့ဝန်ထမ်းများအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များ၊
တိုင်းရင်းသားပြည်သူအားလုံး စိတ်ထားမှန်ကန်ကြဖို့နဲ့
စိတ်ကောင်းစေတနာတွေရှိကြဖို့ Mindset တွေကို
ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစားကြပါလို့
တိုက်တွန်းမှာကြား လိုပါတယ်။"

၁၀.၄.၂၀၂၆

## “အဂတိပယ်ခွာပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကျင့်ဝတ် ပါ

အခြေခံမူ (၆) ချက်

ဖြောင့်မတ်တည်ကြည်မှု

လွတ်လပ်စွာရပ်တည်နိုင်မှု

တာဝန်ယူမှု

ပွင့်လင်းမြင်သာမှု

မျှတမှု

အားလုံးပါဝင်နိုင်မှု

**“တောင်အာဖရိက ရဲချုပ်သည် အဂတိလိုက်စားမှု စွပ်စွဲချက်များကြောင့် ရာထူးမှ ယာယီ ဆိုင်းငံ့ခံရ”**

**ဂျိုဟန်နက်စ်ဘတ် (AP)** — တောင်အာဖရိကနိုင်ငံ၏ အဆင့်မြင့်ဆုံး ရဲအရာရှိကြီး ဖြစ်သူမှာ အဂတိလိုက်စားမှုဟု သံသယရှိရသော ရဲတပ်ဖွဲ့ လုပ်ငန်း စာချုပ်တစ်ခုနှင့် ပတ်သက်၍ ဘဏ္ဍာရေးဥပဒေများကို ချိုးဖောက်ခဲ့ သည်ဟု စွပ်စွဲခံရပြီးနောက် သမ္မတက ကြာသပတေးနေ့တွင် ၎င်းအား ရာထူးမှ ယာယီဆိုင်းငံ့လိုက်သည်။



- **ရဲချုပ် Fannie Masemola:** အင်္ဂါနေ့က တရားရုံးတွင် ရုံးထုတ် စစ်ဆေးခံခဲ့ရပြီး၊ ဒေသခံကုမ္ပဏီတစ်ခုအား တရားမဝင် လုပ်ငန်း စာချုပ် ချပေးခဲ့မှုနှင့် ပတ်သက်၍ လိမ်လည်မှု၊ အဂတိလိုက်စားမှု နှင့် ငွေကြေး ခဝါချမှုများဖြင့် သံသယရှိရသူ အခြားသော ရဲအရာရှိကြီး ၁၂ ဦး နှင့်အတူ တရားရင်ဆိုင် ရမည်ဖြစ်သည်။
- **စွပ်စွဲချက်များ:** ရဲတပ်ဖွဲ့ဝင်များအတွက် ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဝန်ဆောင်မှုပေးရန် ရန်းဒ် (Rand) သန်း ၃၆၀ (အမေရိကန် ဒေါ်လာ ၂၁ သန်းခန့်) တန်ဖိုးရှိ လုပ်ငန်းစာချုပ်ကို ချုပ်ဆိုရာတွင် ပြည်သူ့

ဘဏ္ဍာရေး စီမံခန့်ခွဲမှု ဥပဒေကို ချိုးဖောက်ခဲ့သည်ဟူသော စွဲချက် ၄ ခု ဖြင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။ အချို့သော ရဲအရာရှိ များသည် လုပ်ငန်းတင်ဒါ အောင်မြင်သူများထံမှ လာဘ်ငွေယူခဲ့သည် ဟုလည်း စွပ်စွဲခံထားရသည်။

- **ယာယီရဲချုပ် ခန့်အပ်ခြင်း:** သမ္မတ Cyril Ramaphosa က Masemola တရား ရင်ဆိုင်နေရစဉ်အတွင်း ရဲတပ်ဖွဲ့၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုဌာနမှ ကော်မရှင်နာ **Puleng Dimpane** ကို ယာယီရဲချုပ် အဖြစ် ခန့်အပ်လိုက်ကြောင်း ကြာသပတေးနေ့ သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။
- **သမ္မတ၏ ပြောကြားချက်:** "ဒီအမှု မပြီးမချင်း အထွေထွေရဲချုပ် Masemola ကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ ရာထူးကနေ ယာယီဆိုင်းငံ့ထားဖို့ ကျွန်တော်တို့ သဘောတူညီခဲ့ပါတယ်" ဟု သမ္မတ Ramaphosa က ဆိုသည်။

  ယခုကဲ့သို့ ရဲချုပ်အား ရာထူးမှ ဆိုင်းငံ့လိုက်ခြင်းသည် ပြီးခဲ့သည့်နှစ်က သမ္မတ ခန့်အပ်ခဲ့သော စုံစမ်းစစ်ဆေးရေးကော်မရှင်မှ ဖော်ထုတ်ခဲ့သည့် နိုင်ငံ၏ ရာဇဝတ်မှုခင်း တရားစီရင်ရေးစနစ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော အဂတိလိုက်စားမှု စွပ်စွဲချက်များ၏ နောက်ဆက်တွဲ ရလဒ်တစ်ခုလည်း ဖြစ်သည်။

Source: https://apnews.com/article/south-africa-police-chiefcorruption-5e1899af8da9182597db1fffd82eda4c

ခင်စုမာသန်း

ဒုတိယညွှန်ကြားရေးမှူး

*********** ........... **********

# "ဟေတီနိုင်ငံအတွင်းရှိ ရာဇဝတ်ဂိုဏ်းများ၏ အကြမ်းဖက်မှုများ"



ဟေတီနိုင်ငံသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ အကျပ်အတည်းများစွာနှင့် တစ်ပြိုင်တည်း ရင်ဆိုင်နေရပြီး ဒေသခံပြည်သူများအပေါ် ဆိုးရွားသော နောက်ဆက်တွဲဆိုးကျိုးများ သက်ရောက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှစ၍ လူပေါင်း ၁၆,၀၀၀ ခန့် သတ်ဖြတ်ခံခဲ့ရပြီး၊ လူပေါင်း ၁.၅ သန်းမှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရကာ လူဦးရေ၏ ထက်ဝက်ကျော်မှာ လုံလောက်သော အစားအစာ မရရှိကြပေ။

ယခုအခါ ဩဇာကြီးမားသော ရာဇဝတ်ဂိုဏ်းများသည် နိုင်ငံ၏ နယ်မြေအမြောက်အမြားနှင့် အခြေခံအဆောက်အအုံများကို ထိန်းချုပ်ထားသည်။ မှောင်ခိုဝင်ရောက်လာသော လက်နက်များကြောင့် အားကောင်းလာသည့် ထိုဂိုဏ်းများသည် အရပ်သားများအပေါ် လူသတ်မှု၊ ပြန်ပေးဆွဲမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အပါအဝင် ထိတ်လန့်ဖွယ်ရာ အကြမ်းဖက်မှုများကို ကျူးလွန်နေကြသည်။ ၂၀၂၃ ခုနှစ် မှ စ၍ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) သည်

ဟောတီနိုင်ငံ အတွင်းရှိ တရားမဝင်လက်နက်များနှင့် ငွေကြေးစီးဆင်းမှု လမ်းကြောင်းများ၊ အရင်းအမြစ်များဆိုင်ရာ သုံးလပတ် အစီရင်ခံစာ များကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (UNSC) ထံ တင်ပြခဲ့ပြီး ယနေ့တွင် ၁၀ ကြိမ်မြောက် အစီရင်ခံစာကို ဆွေးနွေးလျက်ရှိသည်။ နိုင်ငံ၏ လုံခြုံရေး အခြေအနေနှင့် ပတ်သက်၍ သိထားသင့်သည့် အချက်များကို အောက်တွင် ဖော်ပြထားပါသည်။

ဟောတီနိုင်ငံ၏ မဟာဗျူဟာကျသော တည်နေရာ၊ ရှည်လျားသော ကုန်းတွင်းနှင့် ရေပြင်နယ်နိမိတ်များ၊ အစိုးရနှင့် ပုဂ္ဂလိကပိုင် ဆိပ်ကမ်းများစွာ၊ တရားမဝင်လမ်းများနှင့် လျှို့ဝှက် လေယာဉ်ကွင်းများကြောင့် ထိုနိုင်ငံသည် လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါး ကဲ့သို့သော မှောင်ခိုပစ္စည်းများ မှောင်ခိုကူးရန် အလွန်လွယ်ကူသော နေရာဖြစ်နေသည်။

ဟောတီသည် သွင်းကုန်အပေါ်တွင်လည်း များစွာမှီခိုနေရပြီး စီးပွားရေး၏ ကဏ္ဍတိုင်းနီးပါးမှာ ပြည်ပမှ ကုန်စည်များနှင့် ဆက်နွယ် နေသည်။ ရလဒ်အနေဖြင့် နယ်စပ်များနှင့် ဆိပ်ကမ်းများတွင် ကုန်စည်နှင့် ဝန်ဆောင်မှု အပြန်အလှန် ဖလှယ်မှုများပြားသောကြောင့် ရာဇဝတ်သား များအတွက် မှောင်ခိုပစ္စည်းများ သယ်ယူရန် အခွင့်အလမ်းများစွာ ရရှိနေ စေသည်။

ရာဇဝတ်ဂိုဏ်းများ၏ ပစ်မှတ်ထားခြင်းကို မကြာခဏ ခံရလေ့ ရှိသော ဟောတီ ရဲတပ်ဖွဲ့နှင့် အကောက်ခွန် အာဏာပိုင်များသည်လည်း ဝန်ထမ်းအင်အားနှင့် အရင်းအမြစ် အခက်အခဲများ ကြုံတွေ့နေရသဖြင့် နယ်စပ်များနှင့် လေယာဉ်ကွင်း အများအပြားတွင် စောင့်ကြည့်လှည့်ကင်းများ အားနည်းနေပြီး ကုန်ပစ္စည်းတင်ပို့မှုများကိုလည်း ထိရောက်စွာ မစစ်ဆေး နိုင်ဘဲ ဖြစ်နေသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ဟေတီ၏ ရာဇဝတ်မှုနယ်ပယ်မှာ ပြောင်းလဲသွားခဲ့သည်။ တစ်ချိန်က ဂိုဏ်းများသည် အခြားနိုင်ငံများကဲ့သို့ပင် ရပ်ကွက်အတွင်း၌ ရံဖန်ရံခါ အကြမ်းဖက်မှုများ ပြုလုပ်တတ်သော အုပ်စုငယ်များသာ ဖြစ်ခဲ့ကြသည်။ သို့သော် ယခုအခါတွင် ဂိုဏ်းများသည် ပိုမိုကြီးမားသော ရာဇဝတ်မှုဆိုင်ရာ မဟာမိတ်အဖွဲ့များအဖြစ် ဖွဲ့စည်းလာကြပြီး မြို့တော် Port-au-Prince ၏ ၈၀ မှ ၉၀ ရာခိုင်နှုန်း ခန့်အပြင် Artibonite နှင့် Central Departments ရှိ အဓိကဒေသများကိုပါ ထိန်းချုပ်ထားကြသည်။

ဂိုဏ်းများသည် ကုန်စည်စီးဆင်းမှု လမ်းကြောင်းများကို စိုးမိုးထားပြီး ကုန်သွယ်ရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများကို ငွေညှစ်ခြင်းများ ပြုလုပ်ခြင်းဖြင့် ဟေတီ၏ အရင်းအမြစ်များကို စုပ်ယူကာ စီးပွားရေးကို မတည်မငြိမ်ဖြစ်စေရန် လုပ်ဆောင်နိုင်သော စွမ်းအားကို ရရှိထားကြသည်။ ဟေတီအမျိုးသားရဲတပ်ဖွဲ့ထက်ပင် ပိုမိုသာလွန်ကောင်းမွန်သော စစ်ဘက်သုံးလက်နက်ခဲယမ်းများကို ပိုင်ဆိုင်ထားသဖြင့် ၎င်းတို့သည် အစိုးရနှင့် ပြိုင်ဘက်ဂိုဏ်းများကို စနစ်တကျ တိုက်ခိုက်နိုင်သည့်အပြင် ပြည်သူလူထုအား ငွေညှစ်ခြင်း၊ ပြန်ပေးဆွဲခြင်းနှင့် သတ်ဖြတ်ခြင်းများဖြင့် ခြိမ်းခြောက်နေကြသည်။

လက်နက်ကိုင်ဂိုဏ်းများသည် Port-au-Prince မြို့သို့ ဝင်ရောက်ရာ လမ်းကြောင်း အားလုံးကို ထိန်းချုပ်ထားသည်။ ယင်းတို့တွင် အဓိကဆိပ်ကမ်းများသို့ ရေလမ်းမှ ချဉ်းကပ်သည့် လမ်းကြောင်းများ၊ မြို့တော်နှင့် နိုင်ငံမြောက်ပိုင်း၊ တောင်ပိုင်းတို့ကို ဆက်သွယ်ထားသော ပြည်တွင်းလမ်းကွန်ရက်များနှင့် ဒိုမီနီကန် သမ္မတနိုင်ငံနယ်စပ်သို့ ဆက်သွယ်ထားသော အဓိကကုန်းလမ်းများ ပါဝင်သည်။ ဤသို့ နယ်မြေစိုးမိုးထားနိုင်မှုကြောင့် ဂိုဏ်းများသည် မြို့တော်အတွင်း အဝင်အထွက်ကို စိတ်ကြိုက်ထိန်းချုပ်

နိုင်ပြီး ကုန်တင်ကားများ၊ ဘတ်စ်ကားများနှင့် ရေကြောင်း ကုန်စည်များကို စနစ်တကျ ငွေညှစ်ခြင်းဖြင့် ဝင်ငွေအမြောက်အမြား ရရှိနေကြသည်။

ဤကဲ့သို့ ထိန်းချုပ်နိုင်ရန်အတွက် စစ်ဘက်သုံး လက်နက်အင်အား အမြဲမပြတ် လိုအပ်ပြီး ၎င်းတို့ ထိန်းချုပ်ထားသော လမ်းကြောင်းများမှ တစ်ဆင့် ပြည်ပမှ လက်နက်များကို မြို့တော်အတွင်းသို့ သယ်ယူပို့ဆောင် နေကြသည်။ ဟေတီသည် လက်တင်အမေရိက သို့မဟုတ် ကာရစ်ဘီယံ နိုင်ငံများမှလာပြီး မြောက်အမေရိက သို့မဟုတ် ဥရောပဈေးကွက်များသို့ တင်ပို့မည့် ကိုကင်း သို့မဟုတ် ဆေးခြောက်များအတွက် အဓိက ကြားစခန်း (Transshipment point) ဖြစ်နေပုံရသည်။ ဟေတီ တောင်ပိုင်းသည် ဆေးခြောက်မှောင်ခိုကူးသည့် လမ်းကြောင်းအဖြစ် ကြာမြင့်စွာတည်ရှိ ခဲ့သော်လည်း နှစ်အနည်းငယ်အတွင်း လျော့နည်းသွားခဲ့သော ကိုကင်း စီးဆင်းမှုမှာ ယခုအခါ ပြန်လည်မြင့်တက်လာပုံရသည်။

လက်ရှိအချိန်အထိ ဂိုဏ်းဝင်များကို ဖမ်းဆီးရမိခြင်း သို့မဟုတ် မူးယစ်ဆေးဝါး သိမ်းဆည်းရမိခြင်းကဲ့သို့သော ဂိုဏ်းများနှင့် ကိုကင်း မှောင်ခိုမှုအကြား တိုက်ရိုက် ဆက်နွှယ်နေသည့် တရားစီရင်ရေးဆိုင်ရာ သက်သေအထောက်အထား မရှိသေးသော်လည်း ဂိုဏ်းခေါင်းဆောင် များနှင့် အပေါင်းအပါများက မူးယစ်ဆေးဝါးမှောင်ခိုမှုမှ ဝင်ငွေအမြောက်အမြား ရရှိကြောင်း လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မကြာခဏ လူသိရှင်ကြား ပြောဆိုလေ့ရှိကြသည်။

တစ်ဖက်တွင်လည်း လက်နက်များကိုမူ အမေရိကန်ပြည်ထောင်စုမှ ဟေတီသို့ အဓိက မှောင်ခိုသွင်းကြသည်။ ၂၀၂၁ ခုနှစ်မှစ၍ အရည်အသွေးမြင့် လက်နက်များနှင့် စစ်ဘက်သုံး လက်နက်များ မှောင်ခိုကူးမှု မြင့်တက်လာ သည်ကို ကုလသမဂ္ဂက မှတ်တမ်းတင်နိုင်ခဲ့သည်။ AK-47၊ AR-15 နှင့် တိုက်ခိုက်ရေး ရိုင်ဖယ်များ ပါဝင်သော ဤလက်နက်များသည် ဂိုဏ်းများ၏

စနိုက်ပါဖြင့် ပစ်ခတ်မှုများ၊ အစုလိုက်အပြုံလိုက် လုယက်မှုများ၊ ပြန်ပေးဆွဲမှုများ၊ အကျဉ်းထောင်များကို တိုက်ခိုက်မှုများနှင့် နယ်မြေသစ်များ သိမ်းပိုက်မှုများ၏ နောက်ကွယ်တွင် ရှိနေသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ် အတွင်း .50 caliber ရိုင်ဖယ်များကိုပါ တွေ့ရှိလာရခြင်းက ဟေတီရှိ ရာဇဝတ်ဂိုဏ်းများ၏ လက်နက်အင်အားမှာ ပိုမိုကြီးမား လာကြောင်းကို သက်သေပြနေသည်။

အဂတိလိုက်စားမှုနှင့် ငွေကြေးခဝါချမှုကဲ့သို့သော စီးပွားရေးဆိုင်ရာ ရာဇဝတ်မှုများသည် ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှု အားနည်းချက်များနှင့်အတူ ဟေတီတွင် မှောင်ခိုကူးမှုနှင့် စနစ်တကျ ဖွဲ့စည်းထားသော ရာဇဝတ်မှုများကို အားပေးကူညီလျက်ရှိသည်။ အဂတိလိုက်စားနေသော နိုင်ငံရေးနှင့် စီးပွားရေး အသိုင်းအဝိုင်းများအပြင် အကောက်ခွန်၊ ရဲတပ်ဖွဲ့နှင့် ဆိပ်ကမ်းအရာရှိများသည် မှောင်ခိုသမားများနှင့် ပူးပေါင်းကာ လက်နက်များ၊ မူးယစ်ဆေးဝါးများနှင့် အခြား တရားမဝင် ပစ္စည်းများ သယ်ယူပို့ဆောင်ရေးကို ကူညီပေးလေ့ရှိကြသည်။

ဂိုဏ်းများသည် ငွေညှစ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ခြင်းတို့မှ ရရှိသော ငွေကြေးများကို ငွေသား အမြောက်အမြားသယ်ယူခြင်း၊ စည်းကမ်းမဲ့ ငွေလွှဲဝန်ဆောင်မှုများ သို့မဟုတ် နိုင်ငံရေးအသိုင်းအဝိုင်းနှင့် ဆက်နွယ်နေသော စီးပွားရေးလုပ်ငန်းရှင်များ၏ ကုမ္ပဏီများမှတစ်ဆင့် မှောင်ခိုလွှဲပြောင်းနေကြ ကြောင်း သိရပါသည်။

Source: https://www.unodc.org/unodc/frontpage/2026/January/explainer-organized-crime-and-gang-violence-in-haiti.html

ဖြိုးဖြိုး
ဦးစီးအရာရှိ

## “အစ္စရေးနိုင်ငံ သမ္မတသည် ဝန်ကြီးချုပ်အပေါ် စွဲဆိုထားသည့် အဂတိလိုက်စားမှုဆိုင်ရာ အမှုကိစ္စအား ပြေလည်အောင်ဖြေရှင်းနိုင်ရေးအတွက် ဝန်ကြီးချုပ် နေတန်ယာဟုနှင့် အစိုးရရှေ့နေတို့အား ဖိတ်ကြား၍ တွေ့ဆုံဆွေးနွေး”



အစ္စရေးနိုင်ငံသမ္မတသည် ဝန်ကြီးချုပ်အပေါ် စွဲဆိုထားသော အဂတိလိုက်စားမှု အမှုအား ကြားဝင်ညှိနှိုင်းဖြေရှင်းပေးရန် ရည်ရွယ်၍ ဝန်ကြီးချုပ် ဘင်ဂျမင်နေတန် ယာဟုနှင့် အစိုးရရှေ့နေများကို အင်္ဂါနေ့တွင် သမ္မတ အိမ်တော်သို့ ဖိတ်ကြားခဲ့သည်။

သမ္မတ အိုင်ဆက်ဟာဇော့ဂ် (Isaac Herzog) သည် ဝန်ကြီးချုပ် နေတန်ယာဟု၏ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် တောင်းဆိုချက်အပေါ် ဆုံးဖြတ်ချက် မချမီ နှစ်ဦးနှစ်ဘက် ညှိနှိုင်းကြရန် တိုက်တွန်းမည်ဟု ကြေညာခဲ့ပြီးနောက် ရက်ပိုင်းအတွင်း ယခုကဲ့သို့ ဖိတ်ကြားလိုက်ခြင်း ဖြစ်သည်။

သမ္မတ၏ ဥပဒေ အကြံပေးအရာရှိ လက်မှတ်ရေးထိုးထားသော အဆိုပါ ဖိတ်ကြားစာတွင် သမ္မတအနေဖြင့် လွတ်ငြိမ်းချမ်းသာခွင့် တောင်းဆိုချက်ကို မစဉ်းစားမီ နှစ်ဖက်ညှိနှိုင်းအဖြေရှာနိုင်ရေး အတွက် “ဦးစွာ အစွမ်းကုန် ကြိုးပမ်းရမည်” ဟု ယုံကြည်ကြောင်း ဖော်ပြထားသည်။ ဆွေးနွေးမှုများကို “ပွင့်လင်းသော စိတ်နှလုံး၊ စစ်မှန်သော စေတနာတို့ဖြင့်” ဆောင်ရွက်ရန် ရည်ရွယ်ပြီး တနင်္ဂနွေနေ့ နောက်ဆုံးထား၍ အကြောင်းပြန်ရန် တောင်းဆိုထားသည်။

နေတန်ယာဟုသည် ပြီးခဲ့သည့် နိုဝင်ဘာလတွင် ၎င်း၏ အမှုများကို ပယ်ဖျက်ပေးရန် သမ္မတထံ တောင်းဆိုခဲ့ပြီး စွပ်စွဲချက်များကို ရုပ်သိမ်းခြင်းက နိုင်ငံတော် စည်းလုံးညီညွတ်ရေးကို အထောက်အကူပြုမည်ဟု ပြောကြားခဲ့သည်။ အမေရိကန် သမ္မတဒေါ်နယ်ထရမ့်ကလည်း အဆိုပါ တရားစွဲဆိုမှုများကို အဆုံးသတ်ရန် သမ္မတ ဟာဇော့ဂ် ထံ အကြိမ်ကြိမ် မေတ္တာရပ်ခံ တိုက်တွန်းထားသည်။

နေတန်ယာဟုသည် သီးခြား အမှုတွဲ သုံးခုဖြင့် တရားစွဲဆိုခြင်း ခံထားရပြီး ၎င်းတို့မှာ ယုံကြည်မှု ဖောက်ဖျက်ခြင်း၊ လိမ်လည်ခြင်းနှင့် ချမ်းသာသော စီးပွားရေး လုပ်ဖော်ကိုင်ဖက်များထံမှ လာဘ်ယူ၍ အဂတိ လိုက်စားခြင်းတို့ ပါဝင်ပြီး ၎င်းကမူ စွပ်စွဲချက်အားလုံးကို ငြင်းဆို ထားသည်။

အစ္စရေး ပြည်သူလူထုအကြား ပြင်းထန်စွာ သဘောထား ကွဲလွဲစေခဲ့သည့် အဆိုပါအမှု စစ်ဆေးမှုမှာ ခြောက်နှစ်တိုင် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ နေတန်ယာဟုနှင့် ၎င်းကို ထောက်ခံသူများကမူ ၎င်းသည် မီဒီယာများ၊ ရဲတပ်ဖွဲ့နှင့်တရားလိုရှေ့နေများ၏ နိုင်ငံရေးအရ ရည်ရွယ်ချက် ရှိရှိ တိုက်ခိုက်မှုကို ခံနေရသည့် သားကောင် ဖြစ်သည်ဟု ပြောကြားထားသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နေတန်ယာဟု၏ ရုံးအဖွဲ့နှင့် ရှေ့နေချုပ်ရုံး တို့ဘက်မှ တစ်စုံတစ်ရာ ချက်ချင်း တုံ့ပြန်ပြောကြားခြင်း မရှိသေးပါ။

Source: https://apnews.com/article/israel-netanyahu-herzog-corruption-trial-2cc49b30c603282c12795f2841d82013

အိအိကျော်

ဦးစီးအရာရှိ

***********............**********

# “အဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေးကဏ္ဍရှိ ဒုစရိုက်ဂိုဏ်းနှင့် ဆက်နွှယ်သော အဂတိလိုက်စားမှုများကို ICAC နှင့် ရဲတပ်ဖွဲ့တို့ ဟန်ချက်ညီညီ ဖော်ထုတ်ဖြိုခွင်း”




ဟောင်ကောင်မြို့၏ အိမ်ခြံမြေနှင့် မြို့ပြပြုပြင်ထိန်းသိမ်းရေး ကဏ္ဍအတွင်း သြဇာလွှမ်းမိုးထားသည့် ထရိုင်ယက် (Triad) ဒုစရိုက် ဂိုဏ်းဝင်များနှင့် ဆက်နွှယ်နေသော အဂတိလိုက်စားမှု ကွန်ရက်ကြီးတစ်ခုကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် (ICAC) နှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အောင်မြင်စွာ ဖြိုခွင်းနိုင်ခဲ့သည်။ **"Scabbard"** ဟု အမည် ပေးထားသည့် အဆိုပါ အထူးစစ်ဆင်ရေးအတွင်း သံသယရှိသူ ၄၂ ဦးကို ဖမ်းဆီး အရေးယူခဲ့ကြောင်း သိရသည်။

## စုံစမ်းစစ်ဆေးမှု၏ မြစ်ဖျားခံရာ

ဤအဂတိကွန်ရက်ကို ဖော်ထုတ်နိုင်ရန် ၂၀၂၅ ခုနှစ် နှစ်လယ်ပိုင်း ကတည်းကပင် စုံစမ်းစစ်ဆေးမှုများ စတင်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံ

စီမံကိန်း ဆိုင်ရာ အကြံပေးကုမ္ပဏီတစ်ခုသည် လာဘ်ပေး လာဘ်ယူမှုများ ပြုလုပ်ကာ ၎င်းတို့နှင့် နီးစပ်သည့် ဆောက်လုပ်ရေး ကန်ထရိုက်တာများအား တန်ဖိုးကြီးမားသော ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများရရှိစေရန် နောက်ကွယ်မှ စီစဉ်ပေးနေကြောင်း တိုင်ကြားချက်များအရ ICAC က စတင်ခြေရာခံခဲ့ခြင်းဖြစ်သည်။

## လုပ်ငန်းစဉ်နှင့် မသမာမှုများ

စုံစမ်းစစ်ဆေးချက်များအရ အဆိုပါ အကြံပေးကုမ္ပဏီသည် စီမံကိန်းများ၏ အကြံပေးခကို မှုမမှန်ဘဲ အလွန်အမင်း လျှော့ချကာ လုပ်ငန်းများကို ဦးစွာရယူသည်။ ထို့နောက် တင်ဒါခေါ်ယူမှု လုပ်ငန်းစဉ်များကို စိတ်ကြိုက်ခြယ်လှယ်နိုင်ရန်အတွက် ထရိုင်ယက် ဒုစရိုက်ဂိုဏ်းဝင်များကို ကြားခံလူများအဖြစ် အသုံးချခဲ့သည်။ ၎င်းတို့၏ ရည်မှန်းချက်မှာ လူနေအိမ်ရာ ရပ်ကွက်ကြီးများထံမှ ဈေးနှုန်းမြင့်မားသော ပြုပြင်ထိန်းသိမ်းရေး စီမံကိန်းများကို ၎င်းတို့၏ အပေါင်းအပါ ကန်ထရိုက်တာများထံ ရောက်ရှိစေရန် ဖြစ်သည်။

## ဝင်ရောက်စီးနင်းမှုနှင့် ဖမ်းဆီးရမိမှုများ

မတ်လ ၂၆ ရက်နှင့် ၂၇ ရက်နေ့တို့တွင် ICAC နှင့် ရဲတပ်ဖွဲ့တို့သည် ပူးပေါင်း စစ်ဆင်ရေးဖြင့် နေရာ ၂၂ ခုကို တစ်ပြိုင်နက်တည်း ဝင်ရောက်စီးနင်းခဲ့သည်။

- **ICAC ၏ ဖမ်းဆီးမှု:** အသက် ၂၈ နှစ်မှ ၆၁ နှစ်အတွင်းရှိ အမျိုးသား ၁၀ ဦးကို ဖမ်းဆီးခဲ့ရာ ဖမ်းဆီးခံရသူများတွင် အကြံပေးကုမ္ပဏီ ပိုင်ရှင်၊ မှတ်ပုံတင် စစ်ဆေးရေးမှူး၊ ထရိုင်ယက်နောက်ခံရှိသူများ၊ ကန်ထရိုက်တာ ကုမ္ပဏီပိုင်ရှင်များနှင့် အိမ်ခြံမြေစီမံခန့်ခွဲမှု ဒါရိုက်တာတစ်ဦးတို့ ပါဝင်သည်။

- **သက်သေခံပစ္စည်းများ:** ရှာဖွေမှုအတွင်း စီမံကိန်းစာရွက် စာတမ်းများ၊ ဘဏ်စာရင်းများနှင့် စာရင်းကိုင်မှတ်တမ်း အတုများကိုပါ သိမ်းဆည်းနိုင်ခဲ့သည်။

**ဒုစရိုက်ဂိုဏ်း၏ အခြားလှုပ်ရှားမှုများ**

အဆိုပါ အဂတိကွန်ရက်ကို ဖြိုခွင်းသည့် အချိန်မှာပင် ရဲတပ်ဖွဲ့သည် နယူးတယ်ရီထရီ (New Territories) ရှိ ထရိုင်ယက် ဂိုဏ်းဝင်များ ထိန်းချုပ်ထားရာ နေရာများကို ဝင်ရောက်စီးနင်းခဲ့သည်။ ထိုစီးနင်းမှုတွင် တရားမဝင် မာကျောင်ဝိုင်းများနှင့် ဘက္ကာရက် (Baccarat) လောင်းကစားဝိုင်းများကိုပါ ပိတ်သိမ်းနိုင်ခဲ့ပြီး လောင်းကစားမှုနှင့် ပတ်သက်သည့် အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး ၁၈ ဦး (စုစုပေါင်း ၃၂ ဦး) ကို ထပ်မံဖမ်းဆီးခဲ့ပါသည်။

ယခုစစ်ဆင်ရေးသည် ဟောင်ကောင်၏ အဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေး ကဏ္ဍတွင် နှစ်ရှည်လများ အမြစ်တွယ်နေသော မသမာမှုများနှင့် ဒုစရိုက်ဂိုဏ်းများ၏ ဩဇာလွှမ်းမိုးမှုကို ထိရောက်စွာ ဟန့်တားနိုင်ခဲ့သည့် အရေးပါသော ခြေလှမ်းတစ်ခု ဖြစ်လာခဲ့ပါသည်။

Source https://www.thestandard.com.hk/news/article/328097/

ခိုင်ဝေနွယ်
ဦးစီးအရာရှိ

***********…………**********

# “မလေးရှား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က 1 Malaysia Development Berhad (1 MDB) ရန်ပုံငွေများအနက်မှ နောက်ထပ် အမေရိကန်ဒေါ်လာ ၂ ဘီလီယံကို ထပ်မံခြေရာခံနေ”




၂၀၀၉ ခုနှစ်တွင် မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ် (Najib Razak) က 1 Malaysia Development Berhad (1MDB) အမည်ရှိ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (Sovereign Wealth Fund) တည်ထောင်ခဲ့ရာမှ စတင်ခဲ့သည့်အမှုသည် မလေးရှားနိုင်ငံရေးကို အပြောင်းအလဲ ဖြစ်ပေါ်စေခဲ့ပြီး နိုင်ငံတကာတွင် ငွေကြေးခဝါချမှုဖြင့် စုံစမ်းစစ်ဆေးမှုများ ပေါ်ပေါက်ခဲ့သည်။ 1MDB အရှုပ်တော်ပုံနှင့် ဆက်စပ်နေသော အမေရိကန် ဒေါ်လာ ၂ ဘီလီယံ (ရင်းဂစ် ၇.၉ ဘီလီယံ) ကို မလေးရှား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (Malaysian Anti-Corruption Commission - MACC) ထပ်မံ ခြေရာခံနေပြီး ၂၀၂၇ ခုနှစ်ကုန်တွင် ရန်ပုံငွေများကို အပြီးသတ် ပြန်လည်ရယူမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါ ရန်ပုံငွေများသည် ပြည်ပနိုင်ငံများတွင် ပိုင်ဆိုင်မှုနှင့် ရန်ပုံငွေများကို လက်ဝယ်ထားရှိဆဲဖြစ်သော လူပုဂ္ဂိုလ်အများအပြားနှင့် ဆက်နွယ်

နေသည်ဟု ယူဆရကြောင်း မလေးရှား အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ အကြီးအကဲဖြစ်သူ တန်ရှရီအာဇမ်ဘာကီ (Tan Sri Azam Baki) က ပြောကြားခဲ့သည်။

"ကျွန်တော်တို့ နောက်ထပ် ဒေါ်လာ ၂ ဘီလီယံကို ပြန်ရဖို့ ကြိုးစားနေပါတယ်။ ဒါဟာ နောက်ထပ် စိန်ခေါ်မှုတစ်ခုပါပဲ" ဟု ၎င်းက ၆-၅-၂၀၂၆ ရက်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

1 MDB မှ မလျော်သြဖွာသုံး အလွဲသုံးစားပြုလုပ်ခဲ့သည့် စုစုပေါင်း ရန်ပုံငွေ ရင်းဂစ် ၄၂ ဘီလီယံအနက် ရင်းဂစ် ၃၁.၃ ဘီလီယံ (သို့မဟုတ် ၇၄.၅ ရာခိုင်နှုန်း) ကို MACC က ပြန်လည်ရယူနိုင်ခဲ့ပြီးဖြစ်ရာ ယင်းမှာ သိသာထင်ရှားသည့် အောင်မြင်မှု တစ်ခုဖြစ်ကြောင်း အာဇမ်က ဆိုသည်။

"၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ကစလို့ 1 MDB အမှုက စိန်ခေါ်မှုတွေကို ဖြေရှင်းဖို့ ကျွန်တော်တို့ရဲ့ ကတိကဝတ်ဟာ သမိုင်းဝင်ခဲ့ပါတယ်။ ဒီအမှုကို တရားရုံးတင်ပြီး ပါဝင်ပတ်သက်သူတွေကို အရေးယူလာခဲ့တာ အခုဆိုရင် ၁၀ နှစ်နီးပါး ရှိလာပါပြီ။ အခုအချိန်မှာတော့ နိုင်ငံတော်က နစ်နာဆုံးရှုံးသွားတဲ့ ငွေကြေးတွေကို ပြန်လည်ရယူ နိုင်ဖို့ကိုပဲ အဓိက လုပ်ဆောင်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Source: https://asianews.network/malaysian-anti-corruption-commission-tracking-another-us2bil-in-1mdb-funds/

နန်းမြကြာခြည်

ဒုတိယညွှန်ကြားရေးမှူး

***********............**********

## “စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်ချက်ဇ်သည် ယင်းကိုယ်တိုင်က အီရန်စစ်ပွဲနှင့်စပ်လျဉ်း၍ ဒေါ်နယ်ထရမ့်ကို ဆန့်ကျင်သည့်သူရဲကောင်းအဖြစ် သတ်မှတ်ထားသော်လည်း ပြည်တွင်း၌မူ ဆိုးရွားသည့် အဂတိလိုက်စားမှုပြဿနာများနှင့် ရင်ဆိုင်နေရ”

စပိန်ဝန်ကြီးချုပ်ပက်ဒရိုဆန်ချက်ဇ်၏ ဇနီးဖြစ်သူ ဘီဂိုညာ ဂိုမက်ဇ်သည် ယခုအခါ ဩဇာအာဏာကို အသုံးပြုပြီး ကိုယ်ကျိုးစီးပွား ရှာခြင်း၊ အာဏာအလွဲ သုံးစားပြုခြင်းစသည့် စွဲချက်တို့ဖြင့် ရုံးတင်စစ်ဆေး ခြင်းခံနေရပြီး သူမ၏ ကိုယ်ပိုင်တက္ကသိုလ် စီမံကိန်းများအတွက် ရန်ပုံငွေ ရရှိစေရန် သူမ၏နေရာကို အသုံးချဆောင်ရွက်ကြောင်း စွပ်စွဲခံထားရပါသည်။

ဒုတိယအချက်အနေဖြင့် ၎င်း၏အထက်တန်းအကြံပေးဖြစ်ခဲ့သည့် စန်တိုစ် ဆယ်ဒါန်ကို လာဘ်စားမှုဖြင့်စွဲချက်တင်ကာ ထိန်းသိမ်းချုပ်နှောင် ထားခဲ့ပါသည်။ ယင်းနောက် နိုဝင်ဘာလတွင် ယခင်သယ်ယူ ပို့ဆောင်ရေး ဝန်ကြီး ဟိုဆေးလူးစ် အာဘာလိုစ်နှင့် အထက်တန်း အကူအညီပေးသူ ကိုလ်ဒိုဂါစီယာတို့ကို ‘Kolodo Case’ ဟုခေါ်သော အမှုနှင့်စပ်လျဉ်း၍ ထိန်းသိမ်းခဲ့ပါသည်။

အဆိုပါအရာရှိနှစ်ဦးသည် ကပ်ရောဂါကာလအတွင်း အကျိုးအမြတ် မြင့်မားသည့် အစိုးရဝယ်ယူရေး တစ်ခုဖြစ်သည့် face mask ဝယ်ယူရေး အတွက် စာချုပ်ချုပ်ဆိုနိုင်ရန် တရားမဝင် ငွေကြေးပေးအပ်မှုအား လက်ခံ ခဲ့သည်ဟု စွပ်စွဲခံထားရခြင်းဖြစ်သည်။

၎င်းတို့သည် ပြည်သူများ၏ ကျန်းမာရေးအတွက် စောင့်ရှောက်မှု ပေးနိုင်ရန် အစိုးရဝယ်ယူရေး လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသော်လည်း ယင်းတို့၏ အဂတိလိုက်စားမှုကို သက်သေခိုင်လုံစွာ ရှာဖွေတွေ့ရှိခဲ့ပါက အလွန်ဆိုးရွား သည့် လုပ်ရပ်ကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် အာဘာလို၏ တရားမဝင် အမျိုးသမီးအတွက် အိမ်နှင့် အပျော်ခရီးများ အတွက် ပြည်သူပိုင်ငွေများအား အလွဲသုံးခဲ့သည်ဟု စွပ်စွဲခံထားရပါသည်။

တစ်ဖက်တွင်လည်း အတိုက်အခံပါတီဖြစ်သည့် People Party (PP) က ဝန်ကြီးချုပ်ကို ချက်ချင်းရာထူးမှ နှုတ်ထွက်ရန် တောင်းဆိုနေပြီး ယင်းပါတီ ကိုယ်တိုင် ‘Kitchen Case’ ဖြင့်တရား ရင်ဆိုင်နေရဆဲဖြစ်ပြီး သက်သေများကို ဖျက်ဆီးရန် အစိုးရရဲတပ်ဖွဲ့ကို အသုံးပြုခဲ့သည်ဟု စွပ်စွဲ ခံထားရပါသည်။

ဒါဟာစနစ်တကျ ယိုယွင်းပျက်စီးနေသည့် ဆိုးရွားသည့်ဖြစ်ရပ် တစ်ခုဖြစ်ပါသည်။ စပိန်နိုင်ငံ သည် မကြာသေးမီအချိန်ကပင် သတိပြုဖွယ်ရာ ကျဆင်းမှုများကို ထိခိုက်ခံစား နေရပြီဖြစ်ကြောင်း Transparency International (TI) အဖွဲ့က ထောက်ပြထားပါသည်။ စပိန်နိုင်ငံသည် အီတလီနှင့် ဟန်ဂေရီနိုင်ငံများထက် လုပ်ဆောင်နိုင်မှုပိုမို ကောင်းမွန်နေဆဲ ဖြစ်သော်လည်း ဟန်ဂေရီနှင့် ဘယ်လဂျီယမ်တို့ ရောက်ရှိနေသည့် အောက်ပိုင်းသို့ တဖြည်းဖြည်းနီးကပ်လာနေပြီဖြစ်ပါသည်။

Source: https://www.euronews.com

ဇာဇာမိုး

ညွှန်ကြားရေးမှူး

*********** ............ **********

# “ကာဇက်စတန်နိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အားကောင်းအောင်ဆောင်ရွက်ခြင်း”



၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက် (ကြာသပတေးနေ့)တွင် ကာဇက်စတန်သမ္မတ ဦးဆောင်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ အစည်းအဝေးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနိုင်ငံများအဖွဲ့(Group of States against Corruption -GRECO)၏ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ အရပ်ဘက်ဝန်ထမ်းရေးရာ အေဂျင်စီ(Civil Service Affairs Agency) နှင့် တရားရေးဝန်ကြီးဌာနတို့၏ တာဝန်ရှိသူများက ၎င်းတို့၏ အစီရင်ခံစာများကို တင်ပြခဲ့ကြသည်။

အစည်းအဝေးတွင် ကာဇက်စတန်နိုင်ငံ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် Erlan Karin က အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်နေသည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ကာဇက်စတန်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အဆင့် (constitutional level) တွင် အဂတိ လိုက်စားမှုတိုက်ဖျက်ရေး စံနှုန်းများကို ပိုမိုအားကောင်းစေခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် လူထုဆန္ဒမဲဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် “state for the individual” ပုံစံကို အခြေခံထားပြီး နိုင်ငံရေးမူဝါဒများ၏ဗဟိုချက်ကို နိုင်ငံသားများ၏ အခွင့်အရေး၊ လွတ်လပ်ခွင့်နှင့် အကျိုးစီးပွားများကို အလေးပေးထားရှိကြောင်း၊ အခြေခံဥပဒေ အသစ်တွင် နိုင်ငံရေးစနစ်၊ စီးပွားရေးနှင့် လူမှုရေးမူဝါဒများ အပါအဝင် နယ်ပယ်မျိုးစုံတွင် ဖြစ်ပေါ်ပြောင်းလဲနေသော ကဏ္ဍအသစ်ဆိုင်ရာ ကိစ္စများလည်း ပါဝင်ကြောင်း၊ ထိုပြောင်းလဲမှုများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်သည့် အချက်များလည်းပါဝင်ကြောင်း၊ အထူးသဖြင့် ပုဒ်မ ၃၅ တွင် အဂတိလိုက်စားမှုဆိုင်ရာပြစ်မှုဖြင့် တရားရုံးမှ ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူများကို နိုင်ငံရေးအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များတွင် ရွေးကောက်တင်မြှောက်ခြင်း မပြုနိုင်ကြောင်းကို ထည့်သွင်းပြဋ္ဌာန်းခဲ့ကြောင်း၊ ဤပြဋ္ဌာန်းချက်ကို ယခုပြင်ဆင်သော အခြေခံဥပဒေသစ်တွင် ပထမဆုံးအကြိမ် ထည့်သွင်းထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆက်လက်ပြောကြားရာတွင် ယခုကဲ့သို့ ပြုပြင်ပြောင်းလဲမှုများသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး နိုင်ငံများအဖွဲ့ (Group of States against Corruption -GRECO)နှင့် လာမည့်

ညှိနှိုင်းအစည်းအဝေးများတွင် အရေးပါသောအချက်များ ဖြစ်ကြောင်း၊ GRECO အပါအဝင် နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးတက် ကောင်းမွန်ရန်မှာ အရေးကြီးသော်လည်း မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကိုသာ အဓိက ရှေ့ရှုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးမှုကို ပိုမိုခိုင်မာအောင်လုပ်ဆောင်ခြင်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်များကို စတင်ကျင့်သုံးရာတွင် အရေးကြီးသော အချက်တစ်ခုဖြစ်ကြောင်း နိဂုံးချုပ်ပြောကြားခဲ့ပါသည်။

ကာဇက်စတန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို နိုင်ငံလုံးအတိုင်း အတာဖြင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ဆန္ဒခံယူပွဲကျင်းပ ပြုလုပ်ခဲ့ရာ မဲပေးမှု ရလာဒ်များအရ ကာဇက်စတန် နိုင်ငံသား ၇,၉၅၄,၆၆၇ ဦး (မဲပေးသူဦးရေ၏ ၈၇.၁၅%)သည် ထောက်ခံမဲပေးခဲ့ပြီး ၈၉၈,၀၉၉ ဦးက ကန့်ကွက်မဲပေးခဲ့ကြောင်း သတင်းရရှိပါသည်။

Source https://qazinform.com/news/kazakhstan-reinforces-anti-corruption-measures-b531bb

သော်သော်နိုင်

ညွှန်ကြားရေးမှူး

***********............**********

# “မလေးရှားဘုရင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အကြီးအကဲအသစ်ကို ရွေးချယ်မည်ဟု ပြောကြား”



မလေးရှားဘုရင် Sultan Ibrahim က မလေးရှားနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့၏ နောက်ထပ်အကြီးအကဲကို ရွေးချယ်မည်ဟု ပြောကြားခဲ့ပြီး ကော်မရှင်၏ လက်ရှိအကြီးအကဲသည် မလျော်ကန်သော အပြုအမူစွပ်စွဲချက်များကြောင့် ရာထူးမှနုတ်ထွက်ရန် ဖိအားများ တိုးပွားလာနေသည်။

မလေးရှားအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (MACC) ၏ အကြီးအကဲ Azam Baki သည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၎င်းနှင့် အခြားအကြီးတန်း အရာရှိများကို မလျော်ကန်သော အပြုအမူနှင့် အများပြည်သူဝန်ဆောင်မှု စည်းမျဉ်းများကို ချိုးဖောက်မှုဖြင့် စွပ်စွဲပြီးနောက် ရာထူးမှနုတ်ထွက်ရန် တောင်းဆိုမှုများနှင့် ရင်ဆိုင် နေရသည်။ Azam Baki နှင့် MACC တို့က စွပ်စွဲချက်များကို "အခြေအမြစ်မရှိ" ဟု ဖော်ပြခဲ့ကြသည်။

အရှုပ်တော်ပုံသည် ဝန်ကြီးချုပ် Anwar Ibrahim ၏ အစိုးရအတွင်း သဘောထား ကွဲလွဲမှုများကို ပိုမိုနက်ရှိုင်းစေပြီး အဓိကမဟာမိတ်အချို့က အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရန် ဝန်ကြီးချုပ်၏ ကတိကဝတ်ကို မေးခွန်းထုတ်ခဲ့ကြသည်။

အစိုးရသည် Azam Baki အပေါ် စွပ်စွဲချက်အချို့ကို စုံစမ်းစစ်ဆေးခဲ့သော်လည်း ရဲနှင့် အခြားအာဏာပိုင်များ၏ ဆက်စပ်စုံစမ်းစစ်ဆေးမှုများ မတိုင်မီအထိ တွေ့ရှိချက်များကို လူသိရှင်ကြားထုတ်ပြန်ရန် ငြင်းဆန်ထားသည်။ မီဒီယာသတင်းများအရ Azam Baki ၏ MACC နှင့် စာချုပ်သည် ၂၀၂၆ ခုနှစ်၊ မေလတွင် ကုန်ဆုံးတော့မည်ဖြစ်သည်။

မလေးရှားဘုရင် Sultan Ibrahim က ခန့်အပ်မှုကို နိုင်ငံရေးအတွက် အသုံးချရန် မလိုအပ်ကြောင်း ပြောကြားခဲ့ပြီး အဂတိလိုက်စားမှု၊ အလွဲသုံးစားမှုနှင့် အာဏာအလွဲ သုံးစားမှုတို့ကို တိုက်ဖျက်ရာတွင် ကော်မရှင်၏ ထိရောက်မှုကို သေချာစေရန် အကြီးအကဲ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

"ယခုမှစ၍ MACC ကို ဦးဆောင်ရန် အကောင်းဆုံးကိုယ်စားလှယ်လောင်း မည်သူဖြစ်မည်ကို ဆုံးဖြတ်မည်" ဟု မလေးရှားဘုရင် Sultan Ibrahim က ပြောကြား ခဲ့သည်။

ဝန်ကြီးချုပ် Anwar Ibrahim ၏အစိုးရအဖွဲ့နှင့် MACC တို့သည် ဘုရင်၏ အမိန့်နှင့် ပတ်သက်၍ မှတ်ချက်ပေးရန် တောင်းဆိုမှုများကို ချက်ချင်းတုံ့ပြန်ခြင်း မရှိပါ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဘုရင်သည် ဝန်ကြီးချုပ်၏ အကြံပေးချက်အရ အဓိက အစိုးရအေဂျင်စီများ၏ အကြီးအကဲများကို ခန့်အပ်နိုင်သည်။

မလေးရှားနိုင်ငံသည် ထူးခြားသော အလှည့်ကျဘုရင်စနစ်ပုံစံကို ကျင့်သုံးပြီး နိုင်ငံ၏ တော်ဝင်မိသားစုကိုးစု၏ အကြီးအကဲများသည် ငါးနှစ်တာအုပ်ချုပ်မှုအတွက် အလှည့်ကျဘုရင်အဖြစ် တာဝန်ထမ်းဆောင်ကြသည်။

ဘုရင်စနစ်သည် အများအားဖြင့် အခမ်းအနားဆိုင်ရာ အခန်းကဏ္ဍမှ ပါဝင်ပြီး ရိုးရာ အစဉ်အလာအရ နိုင်ငံရေးထက် ပိုမိုမြင့်မားသည်ဟု ရှုမြင်ကြသည်။ သို့သော် ဘုရင်သည် ရှားရှားပါးပါးသာ အသုံးပြုသည့် ဆုံးဖြတ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးခဲ့သည့် ကြာရှည်သော နိုင်ငံရေးမတည်ငြိမ်မှုကြောင့် မကြာသေးမီနှစ်များအတွင်း ပိုမိုသြဇာရှိလာခဲ့သည်။

Source- https://www.reuters.com/world/asia-pacific/malaysias-king-says-he-will-choose-next-anti-graft-agency-chief-2026-04-23/

စန္ဒာဝင်း
ဦးစီးအရာရှိ

***********............**********

## “ဗီယက်နမ်နိုင်ငံ အလုပ်သမား၊ အကျိုးခံစားခွင့်နှင့် လူမှုရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဟောင်း အပါအဝင် လူပေါင်း ၂၈ ဦးအား လာဘ်ပေးလာဘ်ယူမှုဖြင့် တရားစွဲဆို”




ဗီယက်နမ်နိုင်ငံ အမြင့်ဆုံး ပြည်သူ့အစိုးရရှေ့နေရုံးသည် အလုပ်သမား၊ အကျိုးခံစားခွင့်နှင့် လူမှုရေးရာဝန်ကြီးဌာန (MoLISA) ၏ ဒုတိယဝန်ကြီးဟောင်း Nguyen Ba Hoan အပါအဝင် လူပေါင်း ၂၈ ဦးအား လာဘ်ပေးလာဘ်ယူမှု၊ လာဘ်ပေးရန် စေ့ဆော်မှုနှင့် စာရင်းကိုင်စည်းမျဉ်းများ ပြင်းထန်စွာ ချိုးဖောက်မှုတို့ဖြင့် တရားစွဲဆို လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ဒုတိယဝန်ကြီးဟောင်း Hoan နှင့်အတူ အဆိုပါ ဌာနမှ ဝန်ထမ်း ၈ ဦးကိုလည်း လာဘ်ယူမှုစွဲချက်ဖြင့် တရားစွဲဆိုထားသည်။

ဤအမှုတွင် Thanh Do ဥပဒေအကျိုးဆောင်လုပ်ငန်း၏ ဒါရိုက်တာ Nguyen Son Lam ကို လာဘ်ပေးရန် အားပေးကူညီမှုဖြင့် စွဲချက်တင်ထားပြီး၊

Hoang Long ကုမ္ပဏီဥက္ကဋ္ဌ Nghiem Quoc Hung ၊ Sona ကုမ္ပဏီဥက္ကဋ္ဌ Nguyen Duc Nam နှင့် Incoop3 ကုမ္ပဏီဒါရိုက်တာ Nghiem Van Dinh တို့ကိုမူ နိုင်ငံတော်အား ထိခိုက်နစ်နာစေသည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများ ချိုးဖောက်မှုဖြင့် အသီးသီး အရေးယူထားသည်။

တရားစွဲဆိုမှုများအရ ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဒုတိယ ဝန်ကြီးဟောင်း Hoan နှင့် ပြည်ပအလုပ်သမားစီမံခန့်ခွဲရေးဌာန ညွှန်ကြားရေးမှူးဟောင်း Tong Hai Nam တို့သည် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဗီယက်နမ်လုပ်သားများကို ပြည်ပသို့ စေလွှတ်ရန် လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ ၂၈ ခုအပေါ် အုပ်ချုပ်ရေးဆိုင်ရာ အတားအဆီးများ တမင်တကာ ဖန်တီးခဲ့ကြသည်။ ၎င်းတို့သည် လိုင်စင် စိစစ်သည့် လုပ်ငန်းစဉ်များကို ရည်ရွယ်ချက်ရှိရှိ ကြန့်ကြာအောင်ပြုလုပ်ပြီး လုပ်ငန်းရှင်များထံမှ တရားမဝင်ငွေကြေးများရရှိရန် ဖိအားပေးခဲ့ကြရာ စုစုပေါင်း ဗီယက်နမ်ဒေါင် ၃၀.၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁.၂ သန်းခန့်) ကို မလျော့မကန် တောင်းခံခဲ့ကြသည်။ လိုင်စင်ထုတ်ပေးသည့် လုပ်ငန်းစဉ် တွင် လုပ်ငန်းရှင်များအနေဖြင့် လိုင်စင်အသစ်ရယူရန် သို့မဟုတ် သက်တမ်း တိုးရန်အတွက် တစ်ကြိမ်လျှင် ဗီယက်နမ်ဒေါင် သန်း ၁၀၀ မှ ၄၀၀ အထိ ပြင်ပဝန်ဆောင်ခအဖြစ် ပေးဆောင်ခဲ့ရသည်။ စုံစမ်းစစ်ဆေးမှုများအရ ဒုတိယဝန်ကြီးဟောင်း Hoan သည် လိုင်စင် ၂၉ ခု ထုတ်ပေးမှုမှတစ်ဆင့် ဗီယက်နမ်ဒေါင် ၁.၄ ဘီလီယံခန့် ကိုယ်ကျိုးရှာခဲ့ပြီး ယင်းအထဲတွင် ငွေသား ဗီယက်နမ်ဒေါင် ၉၅၀ သန်းနှင့် ဒေါ်လာသန်းချီတန်သည့် ဇိမ်ခံလက်ပတ် နာရီ နှစ်လုံးတို့ ပါဝင်နေကြောင်း သိရသည်။

ထို့အပြင် တောင်ကိုရီးယားနိုင်ငံ၏ သင်္ဘောကျင်း ဆောက်လုပ်ရေး ကဏ္ဍသို့ E7 ဗီဇာဖြင့် အလုပ်သမား စေလွှတ်သည့် လုပ်ငန်းစဉ်တွင်လည်း

အဂတိလိုက်စားမှုများ ရှိခဲ့သည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဧပြီလအထိ ပြည်ပ အလုပ်သမားစေလွှတ်ရေး ကုမ္ပဏီအချို့သည် E7 ဗီဇာ လျှောက်ထားမှုများ အဆင်ပြေချောမွေ့စေရန်အတွက် အရာရှိကြီးများထံသို့ အမေရိကန်ဒေါ်လာ ၂၈၁,၈၀၀ နှင့် ဗီယက်နမ်ဒေါင် သန်း ၁၉၀ တို့ကို ပေးအပ်ခဲ့ကြကြောင်း စုံစမ်းတွေ့ရှိရသည်။

အဆိုပါ ကုမ္ပဏီများသည် ၂၀၂၀ မှ ၂၀၂၅ ခုနှစ်အတွင်း အလုပ်သမားများထံမှ ကောက်ခံရရှိသော ငွေကြေးများအနက် ဗီယက်နမ်ဒေါင် ၁.၂၄ ထရီလီယံကျော်ကို တရားဝင်စာရင်းတွင် ထည့်သွင်းခြင်း မပြုဘဲ ဖုံးကွယ်ထားခဲ့သဖြင့် နိုင်ငံတော်အနေဖြင့် လုပ်ငန်းခွန် ဗီယက်နမ်ဒေါင် ၂၄၄ ဘီလီယံခန့် ဆုံးရှုံးခဲ့ရသည်ဟု အစိုးရရှေ့နေများက တရားဝင် ထုတ်ပြန်ထားပါသည်။

Source: https://vietnamnet.vn/en/former-deputy-labour-minister-prosecuted-alongside-27-others-in-bribery-case-2513402.html

**ချမ်းငြိမ်းသူ**
**ဦးစီးအရာရှိ**

***********............**********

# “ဒီမိုကရေစီနိုင်ငံများရှိ အဂတိလိုက်စားမှုကို တိုက်ဖျက်ခြင်း”



(၁၉) ရာစု သမိုင်းပညာရှင် Lord Acton က “အာဏာသည် အဂတိလိုက်စားမှုကို ဖြစ်ပွားစေသော သဘောရှိပြီး အကြွင်းမဲ့အာဏာသည် အဂတိ လိုက်စားမှုကို မလွဲမသွေဖြစ်ပွားစေသည်” ဟု ဆိုခဲ့ဖူးသည်။ (၂၁) ရာစုတွင်မူ အဂတိလိုက်စားမှုသည် ပိုမိုရှုပ်ထွေးလာသည်။ ၎င်းသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ဖြစ်ပွားလျှက်ရှိပြီး ပုံစံမျိုးစုံရှိကာ ဘီလီယံချီနှင့်ချီသော လူများအပေါ်တွင် သက်ရောက်မှုရှိနေသည်။

ကျန်းမာရေးမှ ပညာရေး၊ အားကစားမှ လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ စီးပွားရေးမှ လူမှုတရားမျှတမှုအထိ အဂတိလိုက်စားမှုမဖြစ်ပွားသည့် ကဏ္ဍဟူ၍ မရှိသလောက်ပင်။ ဥရောပမှ အာဖရိက၊ အာရှမှ လက်တင်အမေရိကအထိ ကမ္ဘာ့တိုက်ကြီး အသီးသီးတွင် ပျံ့နှံ့ဖြစ်ပွားနေသည်။ နိုင်ငံစုံကုမ္ပဏီကြီးများကြောင့် အဂတိလိုက်စားမှုများအား

ပိုမိုအဆင့်မြင့်လာစေပြီး ကမ္ဘာ့စီးပွားရေးစနစ်ကြောင့် အဂတိလိုက်စားမှု များသည် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတစ်ခု ဖြစ်လာခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum) ၏ ခန့်မှန်းချက်အရ အဂတိလိုက်စားမှုကြောင့် ကမ္ဘာ့စီးပွားရေးတွင် နှစ်စဉ်အမေရိကန် ဒေါ်လာ ၃.၆ ထရီလီယံ ဆုံးရှုံးနေ ရသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတားရက်စ်၏ အဆိုအရ ကမ္ဘာ့စုစုပေါင်း ထုတ်ကုန် (GDP) ၏ အနည်းဆုံး ၅ ရာခိုင်နှုန်း ဆုံးရှုံးနေ ခြင်းဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ အဆိုအရ စီးပွားရေးလုပ်ငန်းများနှင့် လူပုဂ္ဂိုလ် များသည် နှစ်စဉ်လာဘ်ပေးလာဘ်ယူမှုများအတွက် ဒေါ်လာ ၁ ထရီလီယံ ကျော်သုံးစွဲနေကြရသည်။

အဂတိလိုက်စားမှုသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (SDGs) ၏ အောင်မြင်မှုကိုလည်း နှောင့်နှေးစေသည်။ ကုလသမဂ္ဂက အဖွဲ့ဝင်နိုင်ငံများအား အမျိုးသားအဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်များကို ထူထောင်ရန်နှင့် တရားစွဲဆိုရေး ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ဆောင်ရွက်ရန် တိုက်တွန်းထားသည်။ ထို့အပြင် လွတ်လပ်သော တရားစီရင်ရေး၊ တက်ကြွသော အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ မီဒီယာလွတ်လပ်ခွင့်နှင့် ထိရောက်သော သတင်းပေးသူ (Whistleblower) ကာကွယ်ရေးဥပဒေများကို ပံ့ပိုးပေးခြင်းဖြင့် အဂတိ လိုက်စားမှုများကို တိုက်ဖျက်ရန် တိုက်တွန်းထားသည်။ သို့သော် အချို့နိုင်ငံ များတွင် အဂတိတိုက်ဖျက်ရေး ကော်မရှင်များသည် ဒေသတွင်းအခြေအနေ ကို လျစ်လျူရှုသော ပြည်ပအလှူရှင်များ၏ ဖိအားကြောင့်သော်လည်းကောင်း၊ အဂတိလိုက်စားသူများက တရားစွဲဆိုရေး အဖွဲ့အစည်းများကို အားနည်း သွားအောင် ပြန်လည်တိုက်ခိုက်ခြင်းကြောင့် သော်လည်းကောင်း လုပ်ငန်း

များ မအောင်မြင်ကြပေ။ သုတေသီများသည် အဂတိလိုက်စားမှုကို ပိုမို သိရှိနားလည်ရန်နှင့် ဖြေရှင်းနိုင်ရန် အခြားနည်းလမ်းများကို ကြိုးစားရှာဖွေနေကြသည်။

COVID-19 ကပ်ရောဂါကြောင့် ကျန်းမာရေးကဏ္ဍသည် အထူးသဖြင့် ဝင်ငွေနည်းသော နိုင်ငံများတွင် အဂတိလိုက်စားမှု ဖြစ်လွယ်သော ကဏ္ဍတစ်ခုဖြစ်လာခဲ့ပြီး အဆိုပါနိုင်ငံများအတွက် ခြိမ်းခြောက်မှုကို ပိုမိုမြင့်မားစေပါသည်။ အကူအညီများကို အမြန်ဆုံးဖြန့်ဝေလိုသည့် အရေးပေါ် အခြေအနေကြောင့် ရန်ပုံငွေများ သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကို လျစ်လျူရှုမိတတ်ကြသည်။

၂၀၀၃ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများ စုပေါင်း၍ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) ကို အတည်ပြုခဲ့ကြသည်။ ထိုအချိန်မှစ၍ အဖွဲ့ဝင် ၁၈၈ နိုင်ငံ (ယခု ၁၉၂ နိုင်ငံ) က ကွန်ဗင်းရှင်းပါ တာဝန်ဝတ္တရားများကို လိုက်နာရန် ကတိပြုခဲ့ကြပြီး၊ နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အဖြစ်သတ်မှတ်ခဲ့ကြသည်။ ယခုနှစ်၏ ဆောင်ပုဒ်မှာ "အဂတိတိုက်ဖျက်ရေး အတွက် တစ်ကမ္ဘာလုံး ညီညွတ်ကြစို့" (Uniting the World Against Corruption) ဖြစ်သည်။

**Transparency International** ၏ လေ့လာချက်အရ နိုင်ငံ ၅ နိုင်ငံမှ ခေါင်းဆောင်များသည် ၁၉၆၅ နှင့် ၂၀၀၀ ခုနှစ်အတွင်း အများပြည်သူဆိုင်ရာ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံ မှ ၅၀ ဘီလီယံအထိ ၎င်းတို့၏ ကိုယ်ပိုင်ငွေအဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်စေရန် ဆောင်ရွက်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ်အထိ အဆိုပါစာရင်းပါ ခေါင်းဆောင်အများစုသည် အဂတိလိုက်စားမှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အာဏာအလွဲသုံးစားမှု

ဆိုင်ရာ ပြစ်မှုများဖြင့် ဥပဒေကြောင်းအရ အရေးယူမှုများကြောင့် တရားရင်ဆိုင်နေကြရသည်။

ကမ္ဘာတစ်ဝန်းတွင် အများပြည်သူ ကျန်းမာရေး အသုံးစရိတ် အနက် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ခန့်မှာ အဂတိလိုက်စားမှုကြောင့် နှစ်စဉ်ဆုံးရှုံး နေရသည်။ ဤပမာဏသည် လူတိုင်းအကျုံးဝင်သော ကျန်းမာရေး စောင့်ရှောက်မှု (Universal Health Coverage) ရရှိရန် လိုအပ်သည်ထက် ပိုမိုများပြားသော ပမာဏ ဖြစ်သည်။

**UNESCO** ၏ စစ်တမ်းများအရ အချို့နိုင်ငံများတွင် အလုပ်မဆင်းဘဲ လစာထုတ်နေသည့် ဆရာ၊ ဆရာမ (Ghost teachers) များအတွက် ကုန်ကျစရိတ်သည် စုစုပေါင်း လစာကုန်ကျစရိတ်၏ ၁၅-၂၀ ရာခိုင်နှုန်းခန့် ရှိသည်။ အချို့ကိစ္စများတွင် ဤပမာဏသည် ကျောင်းဆောင်များ ပြုပြင်ခြင်း၊ သင်ထောက်ကူပစ္စည်းများနှင့် ပြဋ္ဌာန်းစာအုပ်များ ဝယ်ယူရန် ချထားပေးသော ရန်ပုံငွေ၏ ထက်ဝက်ခန့်နှင့် ညီမျှနေသည်။

ဆောက်လုပ်ရေးကဏ္ဍတွင် အဂတိလိုက်စားမှုကြောင့် ဆုံးရှုံးမှု စုစုပေါင်းကို တွက်ချက်ရန်မှာ မဖြစ်နိုင်သလောက်ပင်။ အဂတိလိုက်စားမှု၏ သဘောသဘာဝအရ ဖုံးကွယ်ထားတတ်သဖြင့် ဖြစ်ရပ်တိုင်းကို ဖော်ထုတ်ရန်နှင့် အကျိုးသက်ရောက်မှုကို ဆုံးဖြတ်ရန် ခက်ခဲသည်။ ခန့်မှန်းချက်များအရ စီမံကိန်း ကုန်ကျစရိတ်၏ ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ရှိပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၄၅ ရာခိုင်နှုန်းအထိ ရှိနိုင်သည်။ ထိရောက်သော ကြားဝင်ဆောင်ရွက်မှုများ မရှိပါက ၂၀၃၀ ခုနှစ်တွင် ဆောက်လုပ်ရေးကဏ္ဍ၌ အဂတိလိုက်စားမှုကြောင့် ဆုံးရှုံးမှုသည် တစ်နှစ်လျှင် ဒေါ်လာ ၅ ထရီလီယံ အထိ ရှိလာနိုင်ပါသည်။

**Nic Cheeseman (University of Birmingham) နှင့် Caryn Peiffer (University of Bristol, UK):**

"အဂတိလိုက်စားမှုအကြောင်း သတိပေးနှိုးဆော်မှုတွေ (Awareness-raising) လုပ်တာဟာ တစ်ခါတစ်ရံမှာ ပြဿနာကို ပိုဆိုးသွားစေနိုင်တယ်ဆိုတာ သတိပြုဖို့ အရေးကြီးပါတယ်။ မူဝါဒချမှတ်သူတွေအနေနဲ့ ပညာပေးလှုပ်ရှားမှုတွေ မလုပ်ခင်မှာ ပြဿနာနည်းပါးမယ့် သတင်းစကားတွေကို အရင်ဖန်တီးသင့်ပါတယ်။ နည်းလမ်းတစ်ခုကတော့ အဂတိလိုက်စားမှု ဘယ်လောက်များနေ လဲဆိုတာကို အသားပေးပြောကြားမယ့်အစား၊ 'မှန်ကန်စွာ' နေထိုင်သူတွေရဲ့အကြောင်းကို အလေးထားပြောကြားပြီး မမှန်မကန်လုပ်သူ တွေအပေါ် လူထုကမနှစ်မြို့တဲ့ ခံစားချက်များကို အလေးထား ပြောကြားဖို့ပဲ ဖြစ်ပါတယ်။"

**Charles Simabura နှင့် Haykal (Andalas University, Indonesia):**

"ပြည်သူတွေက ပြုပြင်ပြောင်းလဲရေးကို တောင်းဆိုခဲ့ကြသည်။ ဖွံ့ဖြိုး တိုးတက်မှုကို နှောင့်နှေးစေတဲ့ အဂတိလိုက်စားမှုတွေကို တိုက်ဖျက်ဖို့ ယန္တရားတွေ ချမှတ်ခဲ့တယ်။ ဒါပေမဲ့ အဲဒီစနစ်က ကျရှုံးနေပါတယ်။ အင်ဒိုနီးရှား လွှတ်တော်ကိုယ်တိုင်က စီးပွားရေးလုပ်ငန်းရှင်ကြီးတွေရဲ့ ကျောထောက်နောက်ခံနဲ့ အဂတိတိုက်ဖျက်ဖို့ တည်ဆောက်ထားတဲ့ စနစ်ကို အားနည်းသွားအောင် လုပ်ဆောင်ရာမှာ အောင်မြင်သွားခဲ့ပါတယ်။"

**Khaled S. Al-Rashidi (Kuwait University):**

"ကူဝိတ်နိုင်ငံက လူတွေဟာ အဂတိတိုက်ဖျက်ရေး အက်ဥပဒေ ရှိနေသည်ကိုတောင် မသိကြသလို၊ အဲဒီဥပဒေရဲ့ အနှစ်သာရကိုလည်း နားမလည်ကြဘူး။ လူတွေက မသိရင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို အာဏာသက်ရောက်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။

ပိုဆိုးတာက အဲဒီဥပဒေကို သုံးနေတဲ့သူတွေကလည်း မရည်ရွယ်တဲ့ တခြားနေရာတွေမှာ အလွဲသုံးစားလုပ်နေကြ တာပါပဲ။”

**Janet Ransley (Griffith University, Australia):**

“အဂတိလိုက်စားမှုတွေဟာ ဖုံးကွယ်ထားလေ့ရှိပြီး တိုက်ရိုက် ထိခိုက် ခံရသူ မရှိသလောက် ဖြစ်သလို၊ တိုင်ကြားမှုလည်း နည်းပါးပါတယ်။ စုံစမ်းစစ်ဆေးမှု တွေက ကြာရှည်တတ်ပြီး ပြစ်ဒဏ်ပေးဖို့ လုံလောက်တဲ့ သက်သေအထောက်အထား ရဖို့ ခက်ခဲပါတယ်။ အဂတိလိုက်စားမှုနဲ့ သံသယရှိခံရသူတွေဟာ သူတို့ကိုယ်သူတို့ ခုခံကာကွယ်ဖို့ အရင်းအမြစ် (ငွေကြေးနှင့် အာဏာ) အပြည့်အစုံရှိနေကြပြီး တရားရင်ဆိုင်မှုတွေဟာ နှစ်ပေါင်းများစွာ ကြာမြင့်နိုင်ပါတယ်။”

Source: [https://360info.org/special-report-combatting-corruption-in-democracies/](https://360info.org/special-report-combatting-corruption-in-democracies/)

လင်းဝေအောင်

ဘာသာပြန်ရေးသူ

***********............**********

# "ဖိလစ်ပိုင်နိုင်ငံကို တုန်လှုပ်စေခဲ့သည့် အဂတိလိုက်စားမှုအရှုပ်တော်ပုံမှ အဓိကသံသယရှိသူ ပရာ့ဂ်မြို့တွင် ဖမ်းဆီးရမိ"




ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း ပြည်သူလူထု၏ ပြင်းထန်သော ဒေါသထွက်မှုများကို ဖြစ်ပေါ်စေခဲ့သည့် အဂတိလိုက်စားမှု အရှုပ်တော်ပုံမှ အဓိကသံသယရှိသူ (အမတ်ဟောင်း) တစ်ဦးကို ချက်သမ္မတနိုင်ငံ၊ ပရာ့ဂ်မြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ၎င်းအား နိုင်ငံတွင်းသို့ ပြန်လည်ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာက ကြာသပတေးနေ့ ညတွင် ပြောကြားခဲ့သည်။

ရွေးကောက်ပွဲရေး စီမံကိန်းများတွင် ဘဏ္ဍာရေးဆိုင်ရာ မမှန်ကန်မှုများနှင့် ပတ်သက်ပြီး စွပ်စွဲခံရကာ ပြီးခဲ့သည့် စက်တင်ဘာလက အောက်လွှတ်တော်အမတ် အဖြစ်မှ နုတ်ထွက်သွားခဲ့သူ Zaldy Co ကို ပရာ့ဂ်မြို့ အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းလိုက်ခြင်း ဖြစ်သည်။ ၎င်းသည် ချက်သမ္မတနိုင်ငံ အတွင်းသို့ တရားဝင်အထောက်အထားများ မပါဘဲ ဝင်ရောက်ရန် ကြိုးပမ်းစဉ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ကြောင်း သမ္မတမားကို့စ်က အသေးစိတ်ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ ပြောဆိုခဲ့သည်။

“ဥပဒေကြောင်းအရ လုပ်ထုံးလုပ်နည်းတွေအတိုင်း ဖြစ်စေဖို့နဲ့ သူ့ကို ဖိလစ်ပိုင်နိုင်ငံဆီ အမြန်ဆုံးပြန်လည် ခေါ်ယူနိုင်ဖို့အတွက် ကျွန်တော်တို့ ချက်အစိုးရနဲ့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်နေ ပါတယ်” ဟု သမ္မတက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံနှင့် ချက်သမ္မတနိုင်ငံတို့အကြား တရားခံလွှဲပြောင်းရေး စာချုပ် မရှိသည့်အတွက် Zaldy Co အား မည်သို့ လွှဲပြောင်းယူမည်ကို သမ္မတက ရှင်းလင်းပြောကြားခြင်း မရှိသေးပေ။ ဖိလစ်ပိုင် အာဏာပိုင်များသည် Co ၏ နိုင်ငံကူး လက်မှတ်ကို ပယ်ဖျက်ထားပြီးဖြစ်ကာ ၎င်းအား ရှာဖွေဖမ်းဆီးနိုင်ရန် အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ (Interpol) ထံ အကူအညီ တောင်းခံထားသည်။

Zaldy Co သည် အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း Martin Romualdez နှင့် အထက်လွှတ်တော် ဥက္ကဋ္ဌဟောင်း Francis Escudero တို့အပါအဝင် ရေဘေး ကာကွယ်ရေးစီမံကိန်းများမှ ကော်မရှင်ခ (လာဘ်ငွေ) အမြောက်အမြား ရယူခဲ့သည်ဟု စွပ်စွဲခံထားရသည့် ဩဇာကြီးအမတ်များ ထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

၎င်းတို့အားလုံးက ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း ငြင်းဆို ထားသော်လည်း လက်ရှိတွင် စုံစမ်းစစ်ဆေးမှုများ ရင်ဆိုင်နေရသည်။ အဆိုပါ အဂတိမှုများနှင့် ပတ်သက်၍ အစိုးရအင်ဂျင်နီယာဟောင်းများ၊ ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်များနှင့် အထက်လွှတ်တော်အမတ်ဟောင်း တစ်ဦးတို့မှာလည်း ဖမ်းဆီးထိန်းသိမ်းခံထားရပြီး တရားရင်ဆိုင်နေရပြီဖြစ်သည်။

သမ္မတ မားကို့စ် တက်လာသည့် ၂၀၂၂ ခုနှစ်လယ်ပိုင်းမှစ၍ အကောင်အထည် ဖော်ခဲ့သော ပီဆို ၅၄၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉ ဘီလီယံ) တန်ဖိုးရှိ ရေဘေးကာကွယ်ရေးစီမံကိန်းပေါင်း ၉,၈၅၅ ခုကို

စစ်ဆေးလျက်ရှိသည်။ ယင်းစီမံကိန်းများအနက် အများစုမှာ အရည်အသွေး မပြည့်မီခြင်း၊ ဈေးနှုန်းတင်ပြထားခြင်းနှင့် လုံးဝတည်ဆောက်ထားခြင်း မရှိခြင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။

ပြီးခဲ့သည့် စက်တင်ဘာလက ဘဏ္ဍာရေးဝန်ကြီး Ralph Recto ၏ လွှတ်တော်တွင် တင်ပြချက်အရ ၂၀၂၃ ခုနှစ်မှစ၍ ရေဘေးကာကွယ်ရေး အတွက် လျာထားသည့် ရန်ပုံငွေထဲမှ ပီဆို ၁၁၈.၅ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂ ဘီလီယံခန့်) မှာ အဂတိလိုက်စားမှုများကြောင့် ဆုံးရှုံးခဲ့ရဖွယ် ရှိကြောင်း သိရသည်။

သံသယရှိသူများ၏ ကြွယ်ဝလွန်းလှသော နေထိုင်မှုပုံစံများနှင့် ဥရောပထုတ် အဖိုးတန်ဇိမ်ခံကားများ စီးနင်းနိုင်မှု သတင်းများကြောင့် ဆင်းရဲမွဲတေမှုဒဏ်ကို ခံစားနေရသော ဖိလစ်ပိုင်ပြည်သူများအကြား ဒေါသ တကြီးဖြင့် အဂတိလိုက်စားမှု ဆန့်ကျင်ရေး ဆန္ဒပြပွဲများကို ယမန်နှစ်က အကြီးအကျယ် ပြုလုပ်ခဲ့ကြသည်။

Source: https://apnews.com/article/philippines-flood-control-corruptionscandald9d498175e883974312cacf62585ea8b

ယွန်းရွှေစင်ကျော်
ဦးစီးအရာရှိ

*********** ............ **********

# “Sarkozy ၏ မတရား ရွေးကောက်ပွဲရန်ပုံငွေ အသုံးပြုမှု အမှုတွင် ပြစ်ဒဏ် အတည်ပြုခံရ”



ပြင်သစ်နိုင်ငံ ယခင် သမ္မတ Nicolas Sarkozy အပေါ် ချမှတ်ထားသော ၂၀၁၂ ခုနှစ် ပြန်လည်ရွေးကောက်ပွဲ ကာလအတွင်း မတရား ရန်ပုံငွေ အသုံးပြုမှုဆိုင်ရာ ပြစ်ဒဏ်ကို ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံး တရားရုံးက အတည်ပြုလိုက်ပါသည်။

သူဟာ မိမိ၏ ရွေးကောက်ပွဲ ကုန်ကျစရိတ်ကို သတ်မှတ်ထားသော အကန့်အသတ်ထက် ကျော်လွန်သုံးစွဲခဲ့ပြီး၊ ထိုအချက်ကို ဖုံးကွယ်ရန် Bygmalion ဆိုတဲ့ PR ကုမ္ပဏီတစ်ခုကို အသုံးပြုခဲ့တာကြောင့် အပြစ်ရှိကြောင်း တွေ့ရှိခဲ့တာ ဖြစ်ပါသည်။

အသက် ၇၀ ရှိတဲ့ Sarkozy ကို ၂၀၂၄ ခုနှစ်မှာ ထောင်ဒဏ် ၁ နှစ် ချမှတ်ခဲ့ပြီး၊ အဲဒီထဲမှ ၆ လကို ဆိုင်းငံ့ထားတာကြောင့် အချို့ကာလကို ထောင်ထဲမဝင်ဘဲ အီလက်ထရောနစ် လက်ကောက် (electronic tag)

တပ်ဆင်ပြီး ခံယူနိုင်ပါသည်။ သူကတော့ စွပ်စွဲချက်အားလုံးကို အမြဲတမ်း ငြင်းဆိုနေပါသည်။

အမှုကို စွဲဆိုတဲ့ အာဏာပိုင်တွေက Sarkozy ရဲ့ UMP ပါတီဟာ ရွေးကောက်ပွဲအတွက် သတ်မှတ်ထားတဲ့ ယူရို ၂၂.၅ သန်း အကန့်အသတ်ထက် နှစ်ဆနီးပါး အသုံးပြုခဲ့ပြီး၊ အလွန်ကြီးကျယ် ခမ်းနားတဲ့ မဲဆွယ်ပွဲတွေ ပြုလုပ်ခဲ့တယ်လို့ ဆိုပါသည်။

ကုန်ကျစရိတ်တွေကို ဖုံးကွယ်ဖို့ UMP ပါတီက အဲဒီကုန်ကျစရိတ်တွေကို ရွေးကောက်ပွဲအတွက် မဟုတ်ဘဲ ကိုယ်ပိုင်ပါတီအသုံးစရိတ်လိုပဲ Bygmalion ကနေ ဘီလ်ထုတ်ခိုင်းခဲ့ပါတယ်။

ဒီနေ့ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်ဟာ ၂၀၀၇ မှ ၂၀၁၂ အထိ အာဏာတွင် ရှိခဲ့တဲ့ ယခင် သမ္မတအတွက် ဒုတိယအကြိမ် အပြီးသတ် ပြစ်ဒဏ်အတည်ပြုချက် ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာလမှာလည်း အယူခံတရားရုံးက လာဘ်စားမှု အမှုအတွက် ပြစ်ဒဏ်ကို အတည်ပြုခဲ့ပြီး၊ Sarkozy ဟာ ၆ လကြာ အီလက်ထရောနစ် စောင့်ကြည့် ကိရိယာ တပ်ဆင်ထားရခဲ့ပါသည်။

ထို့နောက် စက်တင်ဘာလမှာတော့ ပြစ်မှုဆိုင်ရာ ပူးပေါင်း ကြံစည်မှု အမှုအတွက် အပြစ်ရှိကြောင်း တွေ့ရှိပြီး ထောင်ဒဏ် ၅ နှစ် ချမှတ်ခံခဲ့ပါသည်။

သူဟာ ထောင်တွင်း ၂၀ ရက်ခန့် နေထိုင်ခဲ့ပြီး နိုဝင်ဘာ အစောပိုင်းမှာ လွတ်မြောက်ခဲ့ပါသည်။ အယူခံစစ်ဆေးမှုကို လာမည့်နှစ်မှာ ပြုလုပ်မည်ဖြစ်ပြီး၊ အဲဒီအချိန်အထိ Sarkozy ဟာ တရားရေးအဖွဲ့၏ တင်းကျပ်သော စောင့်ကြည့်မှု အောက်မှာ နေထိုင်ရပြီး ပြင်သစ်နိုင်ငံ ပြင်ပသို့ ထွက်ခွာခွင့်လည်း မရှိပါ။

လွတ်မြောက်ပြီး မကြာခင်မှာပဲ Sarkozy ရဲ့အဖွဲ့က သူဟာ ထောင်တွင်း ၃ ပတ်တာ အတွေ့အကြုံကို “A Prisoner's Diary” ဆိုတဲ့ စာအုပ်အဖြစ် ရေးသား နေကြောင်း ကြေညာခဲ့ပါသည်။

“ထောင်ထဲမှာ ကြည့်စရာလည်း မရှိ၊ လုပ်စရာလည်း မရှိပါဘူး။ La Santé ထောင်မှာတော့ အသံတွေ အမြဲရှိနေတယ်—အဲဒီနေရာမှာ တိတ်ဆိတ်မှု မရှိတာကိုတောင် မေ့သွားတယ်။ ဒီမှာတော့ ဆူညံသံက အမြဲရှိနေတယ်။ ဒါပေမယ့် သဲကန္တာရလိုပဲ ထောင်ထဲမှာ စိတ်အတွင်းဘဝက ပိုမို ခိုင်မာလာတယ်” ဟု ရေးသားထားပါသည်။

Source: https://www.bbc.co.uk/news/articles/c74x55epn34o

မျိုးသက်ပိုင်
ညွှန်ကြားရေးမှူး

***********............**********

# “တရုတ်ကာကွယ်ရေးဝန်ကြီးဟောင်းနှစ်ဦးကို အဂတိမှုဖြင့် ဆိုင်းငံ့သေဒဏ် ချမှတ်”




**ပေကျင်း၊ ၂၀၂၆ ခုနှစ်တွင်** တရုတ်ကာကွယ်ရေးဝန်ကြီးဟောင်းများ ဖြစ်ကြသည့် ဝေဖုန်းဟယ် (Wei Fenghe) နှင့် လီရှန်ဖူ (Li Shangfu) တို့အား အဂတိလိုက်စားမှု စွဲချက်များဖြင့် (၂) နှစ် ဆိုင်းငံ့သေဒဏ် စီရင်ချက် ချမှတ်လိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြခဲ့သည်။ ဤပြင်းထန်သော စီရင်ချက်သည် တရုတ်စစ်တပ်အတွင်း အမြစ်တွယ်နေသည့် အဂတိလိုက်စားမှုများအား သမ္မတ ရှီကျင့်ဖျင်က မည်မျှအထိ ပြတ်ပြတ်သားသား ဖယ်ရှားရှင်းလင်းနေသည်ကို သက်သေပြ နေခြင်း ဖြစ်သည်။

အသက် (၇၂) နှစ်ရှိပြီဖြစ်သော ဝေဖုန်းဟယ်သည် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ၎င်း၏ရာထူးကို ဆက်ခံခဲ့သူ အသက် (၆၈) နှစ်အရွယ်

လီရှန်ဖူမှာမူ ၂၀၂၃ ခုနှစ်အတွင်း ဝန်ကြီးအဖြစ် (၈) လခန့်သာ တာဝန်ယူခဲ့ရပြီးနောက် စုံစမ်းစစ်ဆေးမှုကို စတင်ခံခဲ့ရခြင်း ဖြစ်သည်။

သမ္မတ ရှီကျင့်ဖျင်သည် ၂၀၁၂ ခုနှစ်တွင် အာဏာရရှိလာပြီးနောက်ပိုင်း "အဂတိတိုက်ဖျက်ရေး" ကို အဓိကထား ဆောင်ရွက်ခဲ့ရာ စစ်တပ်သည် အဓိက ပစ်မှတ်တစ်ခု ဖြစ်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် အဆိုပါ နှိမ်နင်းမှုများသည် နျူကလီးယားနှင့် ဒုံးကျည်တပ်ဖွဲ့ (Rocket Force) ရှိ ထိပ်သီးပိုင်းများ အထိ ရိုက်ခတ်ခဲ့ပြီးနောက် ယခုနှစ်အတွင်း၌မူ စစ်တပ်၏ အဆင့်မြင့်ဆုံး ဗိုလ်ချုပ်ကြီးဖြစ်သူ ကျန်းယူရှ (Zhang Youxia) ကိုပါ ရာထူးမှ ဖယ်ရှား နိုင်သည်အထိ အရှိန်အဟုန် မြင့်တက်လာခဲ့သည်။

သတင်းထုတ်ပြန်ချက်များအရ ဝန်ကြီးဟောင်း လီရှန်ဖူသည် လာဘ်ငွေ အမြောက်အမြား လက်ခံခဲ့သည့်အပြင် အခြားသူများကိုလည်း လာဘ်ထိုးခဲ့ကြောင်း သိရသည်။ ၎င်းသည် "နိုင်ငံရေး ဆိုင်ရာ တာဝန်များကို ပျက်ကွက်ခဲ့ပြီး ကိုယ်ကျိုးစီးပွားအတွက် အာဏာကို အလွဲသုံးစားပြုခဲ့သည်" ဟု စုံစမ်းစစ်ဆေးရေးအဖွဲ့က ဆိုသည်။ အလားတူ ဝေဖုန်းဟယ်သည်လည်း ရာထူးနေရာ အပြောင်းအရွှေ့များတွင် မျက်နှာသာပေးရန်အတွက် လာဘ်ငွေ နှင့် တန်ဖိုးကြီးပစ္စည်းများကို ရယူခဲ့သဖြင့် ၎င်း၏ လုပ်ရပ်များသည် "နိုင်ငံတော်အတွက် ကြီးမားသော နစ်နာမှုများ ဖြစ်စေခဲ့သည်" ဟု ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ၏ ဥပဒေအရ ဆိုင်းငံ့သေဒဏ် ချမှတ်ခံရသူသည် သတ်မှတ်ထားသော (၂) နှစ် အတွင်း ထပ်မံပြစ်မှုကျူးလွန်ခြင်း မရှိပါက တစ်သက်တစ်ကျွန်း ထောင်ဒဏ်သို့ ပြောင်းလဲသတ်မှတ် ပေးလေ့ရှိသည်။ သို့သော် ဝန်ကြီးဟောင်း နှစ်ဦးစလုံးမှာမူ ပြစ်ဒဏ်ပြောင်းလဲပြီးနောက်တွင်လည်း လွတ်ငြိမ်းချမ်းသာခွင့် သို့မဟုတ် ခံဝန်ဖြင့် လွတ်မြောက်ခွင့် (Parole)

လုံးဝရရှိမည်မဟုတ်ဘဲ အကျဉ်းထောင်အတွင်း တစ်သက်တာ ဖြတ်သန်းရမည်ဖြစ်သည်။

တရုတ်နိုင်ငံတွင် ဝန်ကြီးအဆင့်ရှိသူများအား ဤကဲ့သို့ ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်ခြင်းမှာ ပထမဆုံးအကြိမ် မဟုတ်ဘဲ ယခင်ကလည်း တရားရေးဝန်ကြီးဟောင်းနှင့် မီးရထားဝန်ကြီးဟောင်းတို့မှာ အလားတူ ပြစ်ဒဏ်များ ချမှတ်ခံခဲ့ရဖူးသည်။

တရုတ်စစ်တပ်၏ တရားဝင်သတင်းစာ (PLA Daily) ကမူ စစ်တပ်အတွင်းရှိ အရာရှိကြီးများအားလုံးကို အဆိုပါ ဝန်ကြီးဟောင်း နှစ်ဦး၏ ဖြစ်ရပ်မှ သင်ခန်းစာယူရန် သတိပေးထားသည်။ အထူးသဖြင့် ကွန်မြူနစ်ပါတီအပေါ် သစ္စာနှစ်ခွ (Divided Loyalties) မဖြစ်ကြရန်နှင့် ယခု အရေးယူမှုကို သတိပေးစံနမူနာအဖြစ် မှတ်ယူကာ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းကြရန် စစ်ဘက် အယ်ဒီတာ့အာဘော်တွင် ပြင်းပြင်းထန်ထန် ရေးသားဖော်ပြထားသည်။

Source: https://www.reuters.com/world/china/china-sentences-former-defense-ministers-wei-fenghe-li-shangfu-death-with-2026-05-07/

ချမ်းငြိမ်းသူ
ဦးစီးအရာရှိ

***********............**********

# “နီပေါနိုင်ငံ အုပ်ချုပ်ရေးနှင့် အဂတိတိုက်ဖျက်ရေးအတွက် IMF ၏ ကွင်းဆင်းစစ်ဆေးမှု ပြီးဆုံး”



အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ နည်းပညာအကူအညီပေးရေး အဖွဲ့သည် နီပေါနိုင်ငံအတွက် "အုပ်ချုပ်ရေးနှင့် အဂတိလိုက်စားမှုဆိုင်ရာ ဆန်းစစ်လေ့လာမှု" (Governance and Corruption Diagnostic - GCD) ပြင်ဆင်ရန် ခတ္တမန္ဒူမြို့၌ ရှေ့ပြေးလေ့လာရေး လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

ဂျိုနသန်ပမ်ပိုလီနာ (Jonathan Pampolina) ဦးဆောင်သော အဆိုပါအဖွဲ့သည် နီပေါအစိုးရ၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်မှ ၂၁ ရက်အထိ ခတ္တမန္ဒူမြို့သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။ 'GCD' ဟု ခေါ်ဆိုသည့် ဤဆန်းစစ်ချက်သည် စီးပွားရေးအခြေအနေအပေါ် သက်ရောက်မှုကြီးမားသော အုပ်ချုပ်ရေးအားနည်းချက်များနှင့် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော အခြေအနေများကို ဖော်ထုတ်ရန်ဖြစ်ပြီး၊ ဦးစားပေးလုပ်ဆောင်ရမည့် ပြုပြင်ပြောင်းလဲမှုများအတွက် စနစ်တကျ အဆင့်ဆင့် ဖော်ပြထားသော လုပ်ငန်းစီမံချက်တစ်ရပ်ကို ရေးဆွဲရန် ရည်ရွယ်သည်။

အဆိုပါ ရှေ့ပြေးလေ့လာရေးအဖွဲ့သည် IMF ၏ ၂၀၁၈ ခုနှစ် မြှင့်တင်ထားသော အုပ်ချုပ်ရေးမူဘောင် (Enhanced Governance Framework)ပါ အဓိက နိုင်ငံတော် လုပ်ငန်းဆောင်တာများရှိ အားနည်းချက်များကို ဆန်းစစ်ရန်အတွက် သက်ဆိုင်ရာ ကဏ္ဍပေါင်းစုံမှ ပုဂ္ဂိုလ်များ နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ နီပေါနိုင်ငံအတွက် GCD ဆန်းစစ်ချက်တွင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် အခွန်စီမံခန့်ခွဲမှုအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အုပ်ချုပ်မှု၊ ဘဏ္ဍာရေးကဏ္ဍကြီးကြပ်မှု၊ တရားဥပဒေစိုးမိုးရေး နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (AML/CFT) စသည့် ကဏ္ဍများပါဝင်မည်ဖြစ်သည်။ ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ၏ ထိရောက်မှုကိုလည်း မက်ခရိုစီးပွားရေး ရည်မှန်းချက်များအပေါ် အခြေခံ၍ ဆန်းစစ်သွားမည်ဖြစ်သည်။

ခရီးစဉ်အတွင်း IMF အဖွဲ့သည် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နီပေါ ဗဟိုဘဏ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာကောင်စီ၊ တရားလွှတ်တော်ချုပ်၊ တရားစီရင်ရေးကောင်စီ၊ ပြည်သူ့ဝန်ထမ်းကော်မရှင်၊ အာဏာအလွဲသုံးစားမှု စုံစမ်းစစ်ဆေးရေးကော်မရှင်၊ စာရင်းစစ်ချုပ်ရုံး၊ ရှေ့နေချုပ်ရုံး၊ အမျိုးသား စီမံကိန်းကော်မရှင်နှင့် အဂတိလိုက်စားမှုဆိုင်ရာ အထူးတရားရုံး အစရှိသော အဓိကကျသည့် အစိုးရဌာနပေါင်းစုံမှ အဆင့်မြင့် အရာရှိကြီးများနှင့် တွေ့ဆုံခဲ့သည်။ ထို့ပြင် စီးပွားရေးအသင်းအဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များနှင့်လည်း တိုင်ပင်ဆွေးနွေးခဲ့ ကြသည်။

နီပေါအာဏာပိုင်များ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် IMF အဖွဲ့က ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး၊ ရှေ့လာမည့်လများတွင် အုပ်ချုပ်ရေးနှင့်စီးပွားရေးရလဒ်များ ကောင်းမွန်စေရန် ပြုပြင်ပြောင်းလဲရေး ဆိုင်ရာများကို

ပိုမိုနက်ရှိုင်းစွာ ဆွေးနွေးနိုင်မည့် ပင်မ GCD လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဟု ဆိုသည်။ "ဒီဆန်းစစ်ချက်ဟာ နီပေါနိုင်ငံရဲ့ အဂတိလိုက်စားမှု သဘောသဘာဝနဲ့ အခြေအနေကို ခွဲခြမ်းစိတ်ဖြာပြီး၊ အုပ်ချုပ်ရေးအားနည်းချက်တွေကို ဖော်ထုတ်ပေးမှာ ဖြစ်သလို၊ အဲဒါတွေကို လျှော့ချဖို့ အတွက် ဦးစားပေးအလိုက် စနစ်တကျ ပြုပြင် ပြောင်းလဲရေး စီမံကိန်းကိုလည်း တင်ပြသွားမှာဖြစ်ပါတယ်" ဟု IMF က ထုတ်ပြန်ခဲ့သည်။

ဤ GCD ဆန်းစစ်ချက်သည် မူဝါဒချမှတ်သူများအတွက် စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်မည့် အထောက်အထား အခြေပြု လမ်းပြမြေပုံတစ်ခု ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ရသည်။ IMF နှင့် နီပေါ အစိုးရတို့သည် ပင်မ လုပ်ငန်းစဉ်စတင်မည့် အချိန်နှင့် လုပ်ငန်းအတိုင်းအတာတို့ကို ဆက်လက် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်သည်။

Source: https://www.b360nepal.com/detail/27533/imf-team-completes-scoping-mission-in-kathmandu-for-nepals-governance-and-corruption-diagnostic

ဖြိုးဖြိုး
ဦးစီးအရာရှိ

***********............**********

## “ကနေဒါခရစ်ကက်အသင်းတွင် အဂတိလိုက်စားမှုများရှိနေကြောင်း မှတ်တမ်းတင်ဗီဒီယိုတစ်ခုတွင် စွပ်စွဲခံရ”



(AP) — ယခုနှစ်အတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ကနေဒါနှင့် နယူးဇီလန် အသင်းတို့၏ T20 ကမ္ဘာ့ ဖလားပွဲစဉ် အပါအဝင် ကနေဒါခရစ်ကက် အဖွဲ့ချုပ်အတွင်း အဂတိလိုက်စားမှုများရှိနေကြောင်း သောကြာနေ့က ထုတ်လွှင့်ခဲ့သည့် မှတ်တမ်းတင်ဗီဒီယိုတစ်ခုတွင် စွပ်စွဲချက်များ ထွက်ပေါ် လာခဲ့သည်။ အဆိုပါစွပ်စွဲချက်များနှင့် ပတ်သက်၍ ကမ္ဘာ့ခရစ်ကက်အဖွဲ့ချုပ် (ICC) မှ စုံစမ်း စစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

“Corruption, Crime and Cricket” ဟု အမည်ရသည့် ၎င်းမှတ်တမ်းတင်ဗီဒီယိုကို ကနေဒါ အခြေစိုက် CBC ရုပ်သံဌာနက ထုတ်လွှင့် ခဲ့ခြင်းဖြစ်သည်။ အဆိုပါဗီဒီယိုတွင် ကနေဒါအသင်း ခေါင်းဆောင် Dilpreet Bajwa နယူးဇီလန်နှင့်ပွဲတွင် ပစ်သွင်းခဲ့သည့် (၅) ကြိမ်မြောက် Over (ဘောလုံးပစ်လှည့်) သည် ICC ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဌာန (ACU) ၏ စောင့်ကြည့် စစ်ဆေးမှုအောက်တွင် ရှိနေကြောင်း စွပ်စွဲထားသည်။

အသက် ၂၂ နှစ်အရွယ် Bajwa သည် အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲ မစတင်မီ (၃) ပတ်အလိုတွင်မှ အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသူဖြစ်သည်။

နယူးဇီလန်အသင်းက ၃၅ မှတ် ရရှိထားချိန်တွင် Bajwa သည် ၎င်း၏ (၅) ကြိမ်မြောက် Over ကို No-ball (စည်းကျော်ဘော) ဖြင့် စတင်ခဲ့ပြီးနောက် လမ်းကြောင်းလွဲချော်သည့် Wide ball တစ်လုံးကိုလည်း ထပ်မံပစ်သွင်းခဲ့သည်။ အဆိုပါ Over တစ်ခုတည်းတွင်ပင် ပြိုင်ဘက်အသင်းကို ၁၅ မှတ်အထိ ပေးခဲ့ရသည်။

ICC ၏ ဂုဏ်သိက္ခာနှင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာဌာန (Integrity Unit) ၏ ယာယီအထွေထွေမန်နေဂျာ Andrew Ephgrave က Associated Press သို့ ပြောကြားရာတွင် “CBC က ထုတ်လွှင့်ခဲ့တဲ့ အစီအစဉ်ကို ACU က သိရှိထားပါတယ်။ ဒါပေမဲ့ လုပ်ထုံးလုပ်နည်းအရ စုံစမ်းစစ်ဆေးဆဲ စွပ်စွဲချက်တွေအပေါ် မှတ်ချက်ပေးနိုင်ခြင်း မရှိသေးပါဘူး” ဟု ဆိုသည်။

၎င်းမှတ်တမ်းတင်ဗီဒီယိုတွင် အခြားသော အဂတိလိုက်စားမှု စွပ်စွဲချက်များလည်း ပါဝင်နေသည်။ ကနေဒါအသင်း၏ နည်းပြဟောင်းဖြစ်သူ Pubudu Dassanayake က ၂၀၂၄ ခုနှစ် T20 ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း အသင်းလူစာရင်း ရွေးချယ်မှုအပေါ် မလျော်ညီဇာအသုံးပြုပြီး ဝင်ရောက်စွက်ဖက်မှုများ ရှိခဲ့ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ထို့အပြင် ကနေဒါကစားသမားများသည် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှ ရရှိသည့် ဆုကြေးငွေများကို အချိန်မီမရရှိဘဲ ကြန့်ကြာမှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်းနှင့် အသင်းသားများသည် ၂၀၂၅ ခုနှစ် ဇူလိုင်လကတည်းက စာချုပ်သက်တမ်းကုန်ဆုံးနေပြီး ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ လေးလ


အလိုတွင်မှ ယာယီအစီအစဉ်ဖြင့် ပြန်လည်ခေါ်ယူခြင်းခံခဲ့ရကြောင်းလည်း အဆိုပါ မှတ်တမ်းတွင် ဖော်ပြထားသည်။

Source: https://apnews.com/article/icc-canada-t20-world-cup-a2049d234d31ff72a747e1e1579540af

ယွန်းရွှေစင်ကျော်
ဦးစီးအရာရှိ

***********............**********

## “တရုတ် Eastern Airlines ဥက္ကဋ္ဌဟောင်းအား လာဘ်ပေးလာဘ်ယူမှု စွဲချက်များဖြင့် တရားစွဲဆို”




တရုတ်နိုင်ငံ၏ အကြီးဆုံးလေကြောင်း ကုမ္ပဏီများထဲမှ တစ်ခုဖြစ်သော China Eastern Airlines Group ၏ ဥက္ကဋ္ဌဟောင်း လျူရှောင်ယုံ (Liu Shaoyong) ကို လာဘ်ပေးလာဘ်ယူမှု စွဲချက်များဖြင့် တရားစွဲဆိုထားကြောင်း တရုတ်နိုင်ငံ၏ အမြင့်ဆုံး အစိုးရရှေ့နေအဖွဲ့က မေ ၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းသည် တရုတ်အစိုးရက အဂတိလိုက်စားမှု တိုက်ဖျက်ရေး လှုပ်ရှားမှုကို ပိုမိုတင်းကျပ်လာစဉ် ပေါ်ပေါက်လာသည့် အဆင့်မြင့် အဂတိအမှုများအနက် နောက်ဆုံးဖြစ်ရပ်တစ်ခုလည်း ဖြစ်သည်။

တရုတ်အစိုးရပိုင် Xinhua သတင်းဌာန၏ ဖော်ပြချက်အရ လျူသည် ရာထူးအာဏာများကို အလွဲသုံးစားပြုကာ အခြားသူများ

အတွက် အကျိုးအမြတ်များ ရယူပေးခဲ့ပြီး ငွေကြေးနှင့် တန်ဖိုးရှိ ပစ္စည်းများကို လာဘ်အဖြစ် လက်ခံခဲ့ကြောင်း သိရသည်။ ထိုစွဲချက်များတွင် ၎င်း၏ China Eastern Airlines ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလလည်း ပါဝင်သည်ဟု ဆိုသည်။ လျူအား ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် တရုတ်ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခဲ့ပြီး Reuters သတင်းဌာနက ၎င်းထံ မှတ်ချက်တောင်းခံရန် ကြိုးပမ်းခဲ့သော်လည်း ဆက်သွယ်နိုင်ခြင်း မရှိခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင် (Xi Jinping) သည် ၂၀၁၂ ခုနှစ်တွင် အာဏာရပြီးနောက် "ကျားကြီးနှင့် ယင်ကောင်များ" ဟု ခေါ်သော အဆင့်မြင့်အရာရှိများနှင့် အဆင့်နိမ့်ဝန်ထမ်းများကိုပါပစ်မှတ်ထားသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လှုပ်ရှားမှုကို စတင်ခဲ့သည်။ အဆိုပါ လှုပ်ရှားမှုသည် အများပိုင်ဘဏ္ဍာငွေများ၊ ဘဏ်ချေးငွေများ၊ နိုင်ငံပိုင် လုပ်ငန်းပိုင်ဆိုင်မှုများ၊ အခြေခံ အဆောက်အအုံ အသုံးစရိတ်များနှင့် ဒေသန္တရအစိုးရ အရင်းအမြစ်များကို အလွဲသုံးစားပြုမှုများအပေါ် ပိုမိုအာရုံစိုက်လာကြောင်း သိရသည်။

ထို့ပြင် Bank of Communications ၏ ယခင်ပါတီကော်မတီအဖွဲ့ဝင်နှင့် ဒုဥက္ကဋ္ဌဟောင်း ဟိုဝေ့တုန်း (Hou Weidong) ကိုလည်း "စည်းကမ်းနှင့် ဥပဒေချိုးဖောက်မှု ပြင်းထန်ခြင်း" ကြောင့် အာဏာရပါတီမှ ထုတ်ပယ်ခဲ့ကြောင်း တရုတ်၏ ထိပ်တန်း အဂတိတိုက်ဖျက်ရေးအဖွဲ့က ကြေညာခဲ့သည်။ ဟိုသည် လက်ဆောင်များ၊ ငွေကြေးများနှင့် စားသုံးမှုကတ်များကို တရားမဝင် လက်ခံခဲ့ခြင်း၊ စီမံခန့်ခွဲရေးနှင့် ဝန်ဆောင်မှုခံယူသူများထံမှ ငွေကြေး အမြောက်အများ

ချေးယူခဲ့ခြင်းနှင့် ၎င်း၏ အသုံးစရိတ်များကို အခြားသူများအား ပေးချေစေခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိထားသည်။

အလားတူ ယခုသီတင်းပတ်အတွင်း ဒေသန္တရအစိုးရအရာရှိ နှစ်ဦးကိုလည်း အရေးယူခဲ့သည်။ ရှင်းကျန်းဒေသမှ တရုတ်ပြည်သူ့နိုင်ငံရေးအကြံပေးညီလာခံ (CPPCC) ဒုဥက္ကဋ္ဌဟောင်း ကျင်ကျိကျန်း (Jin Zhizhen) ကို ပါတီမှ ထုတ်ပယ်ပြီး အများပြည်သူဆိုင်ရာ ရာထူးမှ ဖယ်ရှားခဲ့သည်။ ထို့အပြင် အန်ဟွေးပြည်နယ် CPPCC ဒုဥက္ကဋ္ဌဟောင်း ကျိုးရှီအန် (Zhou Xi’an) သည် ယွမ်ငွေ ၁၃၄ သန်းကျော် တန်ဖိုးရှိ ငွေကြေးနှင့် ပစ္စည်းများကို တရားမဝင် လက်ခံခဲ့မှုကြောင့် နှစ်နှစ်ဆိုင်းငံ့ သေဒဏ်ချမှတ်ခံခဲ့ရကြောင်း CCTV သတင်းဌာနက ဖော်ပြခဲ့သည်။

Source: https://www.reuters.com/world/china/former-china-eastern-airlines-chairman-indicted-bribery-charges-2026-05-08/

စုမြတ်နိုင်
လက်ထောက်ညွှန်ကြားရေးမှူး

***********............**********

## "EU ၏ ယခင် ထိပ်တန်း ဒီပလိုမတ် Mogherini ကို ငွေကြေးလိမ်လည်မှုနဲ့ စွပ်စွဲ"



EU ၏ ယခင် နိုင်ငံခြားရေးမူဝါဒ အကြီးအကဲ Federica Mogherini ကို EU ရန်ပုံငွေတွေ မသင့်တော်စွာ အသုံးပြုခဲ့တာနဲ့ ဆက်စပ်ပြီး လိမ်လည်မှု စုံစမ်းစစ်ဆေးမှုထဲမှာ စွပ်စွဲခံထားရတယ်လို့ ဥရောပ အများပြည်သူ တရားလိုရုံး (EPPO) က ပြောပါတယ်။

အင်္ဂါနေ့မှာ Mogherini ဦးဆောင်နေတဲ့ ဘယ်လ်ဂျီယံနိုင်ငံ Bruges မြို့ရှိ College of Europe နဲ့ Brussels မြို့ရှိ European External Action Service (EEAS) တို့မှာ ရှာဖွေစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ EEAS ကတော့ သူမဟာ EU ရဲ့ ထိပ်တန်း ဒီပလိုမတ်အဖြစ် ၅ နှစ်ကြာ ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

ဒီစုံစမ်းစစ်ဆေးမှုဟာ EU က ထောက်ပံ့ထားတဲ့ အငယ်တန်း ဒီပလိုမတ်တွေ သင်တန်း အစီအစဉ်နဲ့ ဆက်စပ်နေတယ်လို့ EPPO က ပြောပါတယ်။ Mogherini အပြင် College of Europe မှ အဆင့်မြင့် ဝန်ထမ်းတစ်ဦးနဲ့ ဥရောပကော်မရှင်မှ အရာရှိတစ်ဦးကိုလည်း ထိန်းသိမ်း စစ်ဆေးခဲ့ပါတယ်။

ယင်းတို့သုံးဦးကို "ဝယ်ယူရေး လိမ်လည်မှု၊ လာဘ်စားမှု၊ အကျိုးစီးပွား တိုက်ဆိုင်မှု၊ လျှို့ဝှက်ချက် ချိုးဖောက်မှု" စတဲ့ စွပ်စွဲချက်တွေကို တရားဝင် အသိပေးထားပါတယ်။

နောက်ပိုင်းမှာတော့ ထွက်ပြေးနိုင်ခြေ မရှိကြောင်း သတ်မှတ်ထားတဲ့အတွက် သူတို့ကို ပြန်လွှတ်ပေးခဲ့ပြီး နေအိမ်တွေကိုလည်း ရှာဖွေစစ်ဆေးခဲ့ပါတယ်။

၁၀ နာရီလောက် မေးမြန်းပြီးနောက် Mogherini က သူမရဲ့ အနေအထားကို စုံစမ်းရေးအဖွဲ့ကို ရှင်းပြပြီးသားဖြစ်ကြောင်း၊ College အနေနဲ့ အမြဲတမ်း ရိုးသားမှုနဲ့ တရားမျှတမှုကို လိုက်နာလာခဲ့ပြီး ဆက်လက်လည်း လိုက်နာသွားမယ်လို့ ပြောပါတယ်။ သူမက တရား စီရင်ရေး စနစ်ကို ယုံကြည်ကြောင်း၊ College ရဲ့ လုပ်ရပ်တွေ မှန်ကန်ကြောင်း နောက်ဆုံးမှာ သက်သေပြ နိုင်မယ်လို့ ယုံကြည်ကြောင်းလည်း ထပ်ပြောပါတယ်။ ဘယ်လ်ဂျီယံ ဥပဒေအရ လူတစ်ဦးကို ဖမ်းဆီးပြီးနောက် တရားမစွဲဘဲ လွှတ်ပေးနိုင်သော်လည်း စွပ်စွဲခံရသူအဖြစ် ဆက်လက် ရှိနေ နိုင်ပါတယ်။

စုံစမ်းစစ်ဆေးမှုကတော့ 2021–2022 ခုနှစ်တွေမှာ EEAS က College of Europe ကို ပေးအပ်ခဲ့တဲ့ တင်ဒါနဲ့ ဆက်စပ်နေပါတယ်။ အငယ်တန်း ဒီပလိုမတ်တွေအတွက် ၉ လကြာ သင်တန်းအစီအစဉ် တင်ဒါမှာ အကြိုက်ပေးမှု ရှိနိုင်တယ်ဆိုတဲ့ သံသယတွေ ခိုင်မာစွာ ရှိနေတယ်လို့ EPPO က ပြောပါတယ်။

College of Europe ကတော့ EU အစိုးရဝန်ထမ်းဖြစ်လာချင်သူတွေ တက်ရောက်တဲ့ လွတ်လပ်တဲ့ ပညာရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး EU နဲ့ နီးကပ်စွာ ဆက်နွှယ်နေပြီး တစ်စိတ်တစ်ပိုင်းကိုလည်း EU က ထောက်ပံ့ပေးထားပါတယ်။

မျိုးသက်ပိုင်

ညွှန်ကြားရေးမှူး

***********............**********

# “တရုတ်အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့က ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ကျန်းကျွင်း (Zhang Jun) ကို စုံစမ်းစစ်ဆေးနေ”




အိုလံပစ်ရွှေတံဆိပ်ရှင်ဖြစ်ပြီး နန်ကျင်းအားကစားတက္ကသိုလ်၏ ဒုတိယပါမောက္ခချုပ်လည်းဖြစ်သူ ကျန်းကျွင်းကို ‘စည်းကမ်းထိန်းသိမ်းရေး ဆိုင်ရာ ပြန်လည်သုံးသပ်မှု’ အောက်တွင် ထားရှိထားသည်။

၂၀၂၆ ခုနှစ်၊ ဧပြီ ၂၉ ရက်နေ့တွင် တရုတ်နိုင်ငံ၏ ထိပ်တန်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့က နိုင်ငံ၏ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌကို “စည်းကမ်းနှင့် ဥပဒေအား ပြင်းထန်စွာ ချိုးဖောက်မှု” များဖြင့် စုံစမ်းစစ်ဆေးနေကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

အိုလံပစ်ရွှေတံဆိပ်ဆုရှင်၊ တရုတ်ကြက်တောင်အဖွဲ့ချုပ် (Chinese Badminton Association -CBA) ဥက္ကဋ္ဌနှင့် နန်ကျင်းအားကစားတက္ကသိုလ် (Nanjing Sport Institute) ၏ ဒုတိယပါမောက္ခချုပ်ဖြစ်သူ ကျန်းကျွင်းကို

"စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြန်လည်သုံးသပ်မှု" အောက်တွင် ထားရှိထားကြောင်း အဆိုပါအဖွဲ့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ကျန်းကျွင်းကို ကျန်းစုပြည်နယ်အရှေ့ပိုင်းရှိ နန်ထုံမြူနီစီပယ် ကြီးကြပ်ရေး ကော်မရှင်ကလည်း စုံစမ်းစစ်ဆေးနေကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက် ဖော်ပြထားသည်။

ဗဟိုစည်းကမ်းထိန်းသိမ်းရေး စစ်ဆေးရေးကော်မရှင်နှင့် အမျိုးသားကြီးကြပ်ရေးကော်မရှင်တို့၏ ထုတ်ပြန်ချက်တွင် ကျန်းကျွင်းအား အဘယ်ကြောင့် စုံစမ်းစစ်ဆေးရသည်ဆိုသည့် အသေးစိတ် အချက်အလက်များကို ဖော်ပြထားခြင်း မရှိသော်လည်း၊ ၎င်းသည် "စည်းကမ်းနှင့် ဥပဒေအား ပြင်းထန်စွာ ချိုးဖောက်သည်ဟု သံသယရှိရသည်" ဟု ဆိုထားသည်။ ဤအသုံးအနှုန်းသည် တရုတ်နိုင်ငံတွင် အဂတိလိုက်စားမှုကို ဖော်ညွှန်းရာ၌ အများအားဖြင့် အသုံးပြုလေ့ရှိသော စကားစုဖြစ်သည်။

သမ္မတ ရှီကျင့်ဖျင် စတင်တာဝန်ယူစဉ်ကတည်းက အဂတိလိုက်စားမှုများကို အမြစ်ပြတ်ချေမှုန်းရန် တွန်းအားပေးဆောင်ရွက်ခဲ့ပြီး၊ ထိုကြိုးပမ်းမှုမှာ မကြာသေးမီ ကာလများတွင် ပိုမိုအားကောင်း လာခဲ့သည်။

ရှီကျင့်ဖျင် ဦးဆောင်သည့် တရုတ်နိုင်ငံ၏ ထိပ်တန်းစစ်ဘက်အဖွဲ့အစည်း ဖြစ်သော ဗဟိုစစ်ကော်မရှင် (CMC) ၏ ဒုတိယဥက္ကဋ္ဌနှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဖြစ်သူ ကျန်းယူရှ (Zhang Youxia) မှာ ဇန်နဝါရီလအတွင်းက စုံစမ်းစစ်ဆေးခြင်း ခံခဲ့ရသည်။

အခြားပေါ်လစ်ဗျူရိုအရာရှိတစ်ဦးဖြစ်သူ မာရှင်းရွေ (Ma Xingrui) မှာလည်း စုံစမ်းစစ်ဆေးခံခဲ့ရကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများက ဧပြီလတွင် သတင်းထုတ်ပြန်ခဲ့သည်။

Source: https://www.scmp.com/sport/china/article/3351897/chinas-anti-corruption-body-probes-badmintonassociation-chief-zhangjun?module= perpetual_scroll_ 0&pgtype =article

ခင်စုမာသန်း

ဒုတိယညွှန်ကြားရေးမှူး

***********............**********

## "တရုတ်နိုင်ငံတွင် ပြည်နယ်နှင့်ဝန်ကြီးအဆင့် တာဝန်ရှိသူ ၅၆ ဦးကို အဂတိလိုက်စားမှုဖြင့် ၂၀၂၆ ခုနှစ် ပထမသုံးလပတ်တွင် အရေးယူဆောင်ရွက်"

ပေကျင်းမြို့၊ ဧပြီ ၂၃ — တရုတ်နိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အဖွဲ့အစည်း အမြင့်ဆုံးအဖွဲ့၏ ပြောကြားချက်အရ ၂၀၂၆ ခုနှစ် ပထမသုံးလပတ် (Q1) အတွင်း ပြည်နယ်နှင့် ဝန်ကြီးအဆင့် အရာရှိ ၅၆ ဦးကို အရေးယူခဲ့ကြောင်းသိရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရေးယူခံရသူ စုစုပေါင်း ၁၈၃,၀၀၀ ဦးရှိကြောင်း Central Commission for Discipline Inspection နှင့် National Commission of Supervision တို့မှ ထုတ်ပြန်သော ၂၀၂၆ ခုနှစ် ၊ သုံးလပတ်အစီရင်ခံစာ အရ သိရှိရပါသည်။

ဇန်နဝါရီလမှ မတ်လအထိ တစ်နိုင်ငံလုံးရှိ စည်းကမ်း စစ်ဆေးရေး နှင့် ကြီးကြပ်ရေး အဖွဲ့အစည်းများသည် အမှုအခင်း စုစုပေါင်း ၂၄၅,၀၀၀ ကို စတင်ဖွင့်လှစ် စစ်ဆေးခဲ့ကြသည်။

Source https://english.news.cn/20260423/23df24304d10424a818314def23f9651/c.html

သော်သော်နိုင်
ညွှန်ကြားရေးမှူး

*********** ............ **********

## “ဩစတြေးလျတွင် “Robodebt” စီမံကိန်းနှင့်ပတ်သက်သော အာဏာအလွဲသုံးစားမှု ဝေဖန်မှုများ တိုးလာ”

Australia တွင် အစိုးရ၏ welfare စနစ်နှင့်ဆက်နွယ်သော Robodebt Scheme အမှုသည် အများပြည်သူကြားတွင် အကျိုးအမြတ် လွဲမှားမှုနှင့် အာဏာအလွဲသုံးစားမှုဆိုင်ရာ ဝေဖန်မှုများကို ဖြစ်ပေါ်စေခဲ့သည်။

Robodebt စီမံကိန်းသည် လူမှုကူညီရေးငွေများကို လွဲမှားစွာ လက်ခံထားသည်ဟု ယူဆသည့် ပြည်သူများထံမှ အလိုအလျောက် အကြွေး တောင်းခံရန် အသုံးပြုခဲ့သည့် စနစ်ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် ထိုစနစ်သည် အမှားများစွာ ပါဝင်ပြီး ပြည်သူများကို မမှန်ကန်စွာ အကြွေး တောင်းခံခဲ့ကြောင်း ဖော်ထုတ်ခံခဲ့ရသည်။

စုံစမ်းစစ်ဆေးမှုများအရ အချို့သော အစိုးရအရာရှိများသည် စနစ်၏ ချို့ယွင်းချက်များကို သိရှိထားပြီးဖြစ်သော်လည်း ဆက်လက်အသုံးပြု ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းအချက်များကြောင့် အာဏာကို တာဝန်ရှိစွာ အသုံးမပြုခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်းတို့အပေါ် ပြင်းထန်စွာ ဝေဖန်ခံရသည်။

ဩစတြေးလျအစိုးရသည် နောက်ပိုင်းတွင် ယင်းစီမံကိန်းကို ရပ်ဆိုင်းခဲ့ပြီး ထိခိုက်ခံစားခဲ့ရသော ပြည်သူများအား ပြန်လည်လျော်ကြေးပေးခဲ့သည်။ ထို့အပြင် တာဝန်ရှိ သူများအပေါ် ဆက်လက်စစ်ဆေးမှုများပြုလုပ်ခဲ့သည်။

Robodebt ကို 2016 မှာ စတင်ခဲ့ပြီး automated system နဲ့ အကြွေးတောင်းခံ ခဲ့တာဖြစ်သည်။

လူများစွာကို မမှန်ကန်တဲ့ debt တွေတောင်းခံခဲ့တာကို ဖော်ထုတ်ခဲ့ပြီး 2023 Royal Commission က “public administration failure” လို့ သတ်မှတ်ခဲ့သည်။

2026 မှာ anti-corruption body က အရာရှိတချို့ကို serious corrupt conduct လုပ်ခဲ့တယ်လို့ တွေ့ရှိခဲ့သည်။

Source: BBC News – Robodebt inquiry reports

သက်နှင်းဆု

လက်ထောက်ညွှန်ကြားရေးမှူး

***********............***********




## အများပြည်သူထံမှတုံ့ပြန်မှု ရယူခြင်း အစီအစဉ် အသုံးပြုရခြင်း ရည်ရွယ်ချက်

- အသေးစားအဂတိလိုက်စားမှုများကို လျှော့ချရန်နှင့် ကာကွယ်တားဆီးရန်
- ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကို သိရှိရန်
- ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ပြည်သူများအကြား ယုံကြည်မှု ပိုမိုခိုင်မာလာစေရန်


အဂတိလိုက်စားမှုတားဆီးဖို့
“1111” ကို ဖြေကြားစို့
ဝန်ဆောင်မှုများကောင်းစေရေး
“1111” ကို ဖြေကြားပေး
အဂတိပယ်ခွာပြည်သာယာဖို့
ပူးပေါင်းဆောင်ရွက်ကြပါစို့